မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ဆောက်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၇)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် အောက်တိုဘာ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပပြုလုပ်မည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မကြာမီအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားရေးသတိနဲ့ ဆောင်ရွက်

မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ အစဉ်ထာဝရ ရှင်သန်ဖွံ့ဖြိုး စည်ပင်နေစေရအောင် ကြိုးပမ်းဆောင်ရွက်ရင်း အနှစ်သာရအားဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို လေးစားမြတ်နိုး ထိန်းသိမ်းရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများ စောင့်ရှောက်မြှင့်တင်ရေးစတဲ့ လုပ်ငန်းများကို အမျိုးသားရေးသတိနဲ့ဆောင်ရွက်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ ကျင်းပပေးခြင်းအားဖြင့် မြန်မာ့အနုသုခုမပညာရပ်များက ဆောင်ကြဉ်းလာခဲ့သည့် မြန်မာ့ဂုဏ်ရည်များ ပိုမိုမြင့်မားခိုင်မာလာ

မိမိနိုင်ငံ၊ မိမိလူမျိုး အမျိုးသားယဉ်ကျေးမှု ရှင်သန်ဖွံ့ဖြိုးစည်ပင်စေရေး ရိုးရာဓလေ့ထိန်းသိမ်းခြင်းနှင့် မြင့်မားတိုးတက်အောင် စွမ်းဆောင်ပေးခြင်းဆိုသည့် ဂုဏ်အင်္ဂါနှစ်ရပ်ကို သဟဇာတဖြစ်အောင် ရည်မှန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၇ ရက်)

ဝါယမစိုက်ထုတ်၍ သဘာဝသယံဇာတများ ထိရောက်စွာ အသုံးချ စားနပ်ရိက္ခာများ ဖူလုံကြွယ်ဝရေး ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်

ကမ္ဘာ့ပြည်သူများ၏ အသက်ရှင်ရပ်တည်နေနိုင်မှုတွင် အခြေခံအကျဆုံးဖြစ်သည့် စားနပ်ရိက္ခာများ ပြည့်စုံဖူလုံရန် ကြိုးပမ်းအားထုတ်ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက အောက်တိုဘာ၁၆ရက်နေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားတိုးတက်မှုကို ဖော်ဆောင်ကြိုးပမ်းနေသည့် နိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် စားနပ်ရိက္ခာထုတ်လုပ်ရာတွင် ပင်မဖြစ်သည့် ကျေးလက်အခြေခံ လယ်ယာ၊ သားငါး၊ သစ်တောဆိုင်ရာ စီးပွားရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်နေကြသူများ ဖြစ်သည်။

လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး ကြိုးပမ်းရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

နိုင်ငံအတွင်း စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၁၈သန်းအနက် တိုးချဲ့စိုက်ပျိုးနိုင်မည့် မြေဟက်တာ၁၃သန်းခန့်ရှိနေ၍ မြေသယံဇာတ အရင်းအမြစ်များကို တိုးချဲ့အသုံးချနိုင်ပေသည်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖွင့်ပေးပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ လယ်ယာကဏ္ဍ၌ လက်တွဲပါဝင်လာကြသည်။

စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာ ရရှိနိုင်ရန် ရေရှားပါးသောဒေသများတွင် ဆည်တမံများ တည်ဆောက်ပေးခဲ့ရာ ယနေ့အထိ ဆည်တမံ ၂၁၅ခု တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တည်ရှိပြီး သယံဇာတစွမ်းအားစုများကို ပြည်သူများအကျိုးအတွက် ဆောင်ရွက်ရာ၌ သားငါးနှင့်ရေသယံဇာတ လုပ်ငန်းသည်လည်း ပဓာနကျသည့်အခန်းကဏ္ဍအဖြစ် ရပ်တည်နေပြီး သားငါး၊ ပုစွန်၊ ရေသယံဇာတများ သုံးစွဲနိုင်ရန် အခြေအနေကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

သစ်တောကဏ္ဍတွင်လည်း ရေရှည်ထိန်းသိမ်းမှု၊ ပြန်လည်စိုက်ပျိုးမှုတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မှုကြောင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံသည် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုတသည့် အခြေခံကောင်းများ ဖြစ်ထွန်းတည်ရှိပြီးဖြစ်ရာ တိုင်းရင်းသားပြည်သူများအပိုင်းက လုံ့လ၊ ဝီရိယ စိုက်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက စားနပ်ရိက္ခာများ ပိုမိုကြွယ်ဝလာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြစ်ကြီးနားမြို့ စိမ်းမြရောပန်းဥယျာဉ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မြစ်ကြီးနား အောက်တိုဘာ ၁၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဇော်မိုးသည် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်နှင့်အတူ စက်တင်ဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စိမ်းမြရောပန်းဥယျာဉ်အတွင်း အပြင် သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များ၊ မြက်များ ရှင်းလင်းဆောင်ရွက်မှု၊ ပန်းခြံအတွင်း လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးထားမှု၊ အရိပ်ရပင်များ သတ်မှတ်အရေအတွက်ပြည့်မီရေး၊ ပျိုးထုပ်များအတွင်း ထည့်သွင်းပျိုးထောင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး ပန်းခြံအတွင်းအပြင် သန့်ရှင်းသပ်ရပ်သာယာလှပရေး စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ကြရန် ပန်းဥယျာဉ်နှင့်ပျိုးခြံတာဝန်ခံများအား ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြဝတီ ရုပ်မြင်သံကြား

၁၇-၁၀-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၇။ မြန်မာစာ မြန်မာစကား (အပိုင်း-၈)
၅း၀၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၁၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း-၃၈)

မြင်းမူမြို့နယ် ရွှေပြည်စိုးအထူးအထွက်တိုးစပါး အောင်မြင်ဖြစ်ထွန်းမှု

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် အောက်တိုဘာ ၁၀ရက်က စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ပျော့ကျေးရွာရှိ မြို့ဝင် မြို့ထွက် စံပြစပါးကွက် ဧက ၁၀၀အတွင်း စိုက်ပျိုးထားသော ကွင်းအမှတ်(၃၆၅)ရှိ လယ်သမားဦးပျို့မှုံ၏ ရွှေပြည်စိုးအထူးအထွက်တိုးစပါးမျိုး အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများနှင့် ဓာတ်မြေသြဇာကြဲပက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက် ညောင်တုန်းလမ်းမိသားစု၏ (၁၃)ကြိမ်မြောက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို သီတင်းကျွတ်လပြည့်နေ့က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် လမ်းသူလမ်းသားများက စုပေါင်းကန်တော့ကြစဉ်။ (၁၀၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၀-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅ **သံသရာအစ** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၀-၁း၅၀ ရွှေမြိုင်ဆန်တန်းမှာ....မျှော်မှန်း 'မြတ်နိဗ္ဗာန်စခန်း' (အပိုင်း-၁)
၈း၂၀-၂း၂၀ VJ Choice
၈း၄၅-၂း၄၅ Activities in the City
၉း၁၀-၃း၁၀ တေးဂီတအစီအစဉ်
၉း၁၅-၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀ အဆင့်မီရော်ဘာ ဖူးဆက်ပျိုးပင်ရရှိရေး
၉း၄၀-၃း၄၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅ တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၀၅-၄း၀၅ မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀ တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၃၅-၄း၃၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅-၄း၄၅ Art Vision (Royal Image Art Gallery)
၁၁း၀၅-၅း၀၅ ကဟန်ဝင့်ကြွား အလှမင်းသား (ရန်ကုန်ပန်တျာ-ကျောင်း)
၁၁း၁၀-၅း၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅-၅း၁၅ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁း၃၀-၅း၃၀ သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်
၁၁း၄၅-၅း၄၅ တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀ ရောင်စုံရသ နီယွန်ည
၁၂း၂၅-၆း၂၅ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၂း၄၀-၆း၄၀ မြန်မာနိုင်ငံကွန်ပျူတာ အသင်းများ၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှုများ
၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မိုးသူက လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးတင်ပြပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များကို တင်ပြကြသည်။

လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ထားသော မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ စာကြည့်တိုက် ၄၃ ခုသို့ သုတ၊ ရသ၊ စာအုပ်၊ စာစောင်နှင့် မဂ္ဂဇင်း အုပ်ရေ ၁၆၃၄ အုပ်ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမြတ်တရား လေးပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။

ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သည်။

ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။

နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

(ဓမ္မပဒ - ၂၀၄)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စုံပြကျေးရွာရှိ အလင်းသစ်စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စုံပြကျေးရွာရှိ အလင်းသစ် စာကြည့်တိုက်အတွက် သုတ၊ ရသ၊ စာအုပ်စာစောင်များနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များက ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ဖောင်ကြီးအရှေ့စုံပြကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်တင်ဌေးက လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဇနီးဒေါ်ကြည်ကြည်ဝင်းနှင့် မိသားစုက ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကြည်ဝင်းနိုင်က လည်းကောင်း အသီးသီးလက်ခံကြပြီး ဥက္ကဋ္ဌ ဦးအောင်တင်ဌေးက ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် မိသားစုက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးအေးမြင့်မောင်က လက်ခံပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူးနှင့် အဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို တန်းခွဲအလိုက် ကျောင်းသားကျောင်းသူကိုယ်စားလှယ်များအား ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ

ရန်ကုန် အောက်တိုဘာ ၁၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)မှ ကြီးမှူး၍ Myanmar Professionals Education Centre(MPEC)၏ ပံ့ပိုးကူညီမှုဖြင့် အောက်တိုဘာ ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ပင်မဆောင်ရှိ အခန်း ၂၀၅တွင် ဦးထွန်းသူရသက်(Managing Director, Myanmar Information Technology Pte Ltd.)က Java နှင့်ပတ်သက်သည့် နောက်ဆုံးပေါ်နည်းပညာများ၊ Java Programmer များအတွက်သိသင့်သိထိုက်သည်များကို "Anatomy of Ajax & GWT for Java Developer" ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအလုပ်အမှုဆောင် ဦးဇော်မိုးထွန်း(Director, Myanmar Information Technology Pte Ltd.)မှ .NET Framework Platform ပေါ်တွင် အသုံးပြုနေသော Developer များအတွက် အသုံးပြုနိုင်သည့် Resources များနှင့်ပတ်သက်ပြီး ".NET Framework and Developer Resources" ခေါင်းစဉ်များဖြင့် လည်းကောင်း ရှင်းလင်းပြောကြားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ IT Industry မှ Application များကို Java, .NET စသည့် Language များဖြင့် ရေးသားရန် စိတ်ဝင်စားသူများ၊ Developer များနှင့် စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

(၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၇၀ပြည့်နှစ် နတ်တော်လပြည့်ကျော် ၂ ရက်(တနင်္ဂနွေနေ့) မှ ၁၃၇၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၅ ရက်(ကြာသပတေးနေ့)အထိ(၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၅ရက် အထိ) ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်များသည် ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက် (၂၀၀၈ခုနှစ် အောက်တိုဘာ ၂၀ရက်)နောက်ဆုံးထား၍ ဝင်ခွင့်တောင်းလွှာများကို (ဓာတ်ပုံနှစ်ပုံနှင့်အတူ) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ (တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ)သို့ ပေးပို့ရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆိုဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်(၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၁ရက်)နောက်ဆုံးထား၍ အကြောင်းကြားရန်ဖြစ်ကြောင်း၊ စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယခင်နှစ်များကအတိုင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ပဲနွယ်ကုန်းအထက (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ကန်တော့ခံဆရာ၊ ဆရာမကြီး ၈၂ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်ခြောက်သောင်းစီဖြင့် ပူဇော်ကန်တော့ကြပြီး **(အပေါ်ပုံ)** တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးလေဝသ ခန့်မှန်းချက်

မြန်မာအလင်း

သန်းသန်းနု ကိုးကားတင်ပြသည်

ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၁၆

အောက်တိုဘာ ၁၆ ရက်က မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

အောက်တိုဘာ ၁၆ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြင်ဦးလွင်	၀ ဒသမ ၈၃ လက်မ
မြိတ်	၀ ဒသမ ၅၅ လက်မ
ကိုကိုးကျွန်း	၀ ဒသမ ၁၉ လက်မ
သံတွဲ	၀ ဒသမ ၁၆ လက်မ

အောက်တိုဘာ ၁၇ ရက် **(ယနေ့)**ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲမိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

အောက်တိုဘာ ၁၇ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းနေမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်ဖြစ်သည်။

ထူးခြားသည့်အခြေအနေ

မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင် (တုံကင်ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ အရှေ့ဘက်ကမ်းခြေကို ဗင့်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ကန်တပ်ဖွဲ့ဝင်သေဆုံး အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၁၈၃ဦးရှိပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း၌ ဖြစ်ပွားခဲ့သော တိုက်ပွဲတစ်ခုမှ ရရှိသောဒဏ်ရာကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၁၅ရက်တွင် သတင်းထုတ်ပြန်သည်။

အောက်တိုဘာ ၁၄ရက် ညနေဒေသစံတော်ချိန် ၄နာရီခန့်က အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးကင်းလှည့်စဉ် အကြမ်းဖက်တပ်ဖွဲ့ဝင်များက ချောင်းမြောင်းတိုက်ခိုက်ရာမှ တိုက်ပွဲငယ်တစ်ခုဖြစ်ပွားရာမှ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့ခြင်းဖြစ်သည်။

ဆေးဝါးကုသမှုခံယူ

ရဟတ်ယာဉ်ဖြင့် စစ်ဘက်ဆိုင်ရာ ဆေးဝါးကုသရေးဌာနသို့ ဆေးဝါးကုသမှုခံယူရန် ခေါ်ဆောင်သွားခဲ့သော်လည်း နာရီအနည်းငယ်ကြာ နောက်ကျခဲ့သဖြင့် သေဆုံးသွားခဲ့သည်။

သေဆုံး

ယခုသေဆုံးသည့် တပ်ဖွဲ့ဝင်အပါအဝင် ၂၀၀၃ ခုနှစ် မတ်လမှစ၍ အီရတ်နိုင်ငံ၌ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁၈၃ ဦး ရှိပြီဖြစ်သည်။ အီရတ်၌ ယခုလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့ပြီး စက်တင်ဘာလက တိုက်ပွဲမဟုတ်သည့် ဖြစ်စဉ်များ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ကိုးဦးအပါအဝင် ၂၅ ဦးသေဆုံးခဲ့သည်။

ဝင်ရောက်ကျူးကျော်

အီရတ်သို့ အမေရိကန်နှင့် အပေါင်းပါတပ်များ ဝင်ရောက်ကျူးကျော်ချိန်မှစ၍ ယနေ့အချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု အများဆုံးလမှာ ၂၀၀၄ခုနှစ် နိုဝင်ဘာလဖြစ်ပြီး ၁၃၇ ဦးသေဆုံးခဲ့သည်။ (အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ယူရွတ်ဂန်ပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသွားသည့် ကလေးငယ်တစ်ဦးအား ဖခင်ဖြစ်သူက ဆေးရုံတင်ပို့ရန် ပွေ့ချီလာသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ချိုင့်ခွက်သွားသော လမ်းတစ်နေရာကို အောက်တိုဘာ ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ဆိုးရွားနေ နေ့စဉ် သေဆုံး၊ဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၁၆

အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေတည်ငြိမ်မှုမရှိဘဲ တိုက်ပွဲများ၊ ဗုံးခွဲတိုက်ခိုက်မှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများမှာ နေရာအနှံ့ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည်။ အောက်တိုဘာ ၁၄ရက်က အီရတ်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်သုံးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာက ဖော်ပြသည်။

ယင်းနေ့က ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သောတိုက်ပွဲငယ် တစ်ခုတွင် ရရှိသော ဒဏ်ရာဖြင့် အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးသွားခဲ့သည်။

ဖမ်းဆီး

အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ပြုလုပ်သော အကြမ်းဖက်စစ်ဆင်ရေးများ၌ အကြမ်းဖက်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ၁၃ ဦးကို ဖမ်းဆီးနိုင်ခဲ့သည်။

မိုဆူးလ်

မိုဆူးလ်မြို့ အလယ်ပိုင်းတွင် သေနတ်ပစ်ခတ်မှုများကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိသွားခဲ့သည်။ မိုဆူးလ်မြို့ အနောက်ပိုင်းတွင်လည်း ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စစ်ဆေးစဉ် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။

တက်ဇ်ခါမာတိုမြို့တွင်လည်း သီးခြားစီဖြစ်ပွားသော လမ်းဘေးဗုံးပေါက်ကွဲမှုနှစ်ခု၌ အရပ်သားငါးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ကယ်ကွတ်

ကယ်ကွတ်မြို့၌လည်း ကယ်ကွတ် ဘာဟာဆန် ရေနံတွင်းမှ ပို့လွှတ်သည့် အရန် ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ရေနံကုမ္ပဏီ အရာရှိများနှင့် ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ တက်ဇ်ခါတိုမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားအပြီး တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ အရပ်သားများ ဗုံးထိမှန်သေဆုံး

ကဘူးလ် အောက်တိုဘာ ၁၆

အာဖဂန်နစ္စတန် တောင်ပိုင်း၌ အောက်တိုဘာ ၁၄ရက်က လမ်းဘေးဗုံး တစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး အရပ်သားကိုးဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

ယင်းလမ်းဘေးဗုံး ပေါက်ကွဲသည့် အရပ်မှာ ယူရွတ်ဂန်ပြည်နယ်၌ ဖြစ်ပြီး နေတိုးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း နေတိုးတပ်ဖွဲ့များ၏ ယာဉ်အစား အခြား ဘတ်စ်ကားတစ်စီးကို ထိမှန်ခဲ့၍ အရပ်သားများ သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဖြစ်ပွား

အဆိုပါ ဗုံးပေါက်ကွဲမှုတွင် ကလေးနှစ်ဦးလည်းသေဆုံးသွားကြောင်း ပြည်နယ်ရဲအရာရှိ ဂူလ်ဟီမတ်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြစ်ပွားနေသော ပဋိပက္ခများတွင် အရပ်သားများ မကြာခဏ သေဆုံးနေရကြောင်းလည်း ၄င်းက ပြစ်တင်ပြောကြားလိုက်သည်။ **(အင်တာနက်)**

တာလီ၊ ဗီဇလက်နက်ဖြင့် တိုက်ခိုက်မှု နျူလက်နက်ထက် အန္တရာယ် ပိုကြီးမား

ပရာဟား အောက်တိုဘာ ၁၆

အကြမ်းဖက်သမားများနှင့် အစွန်းရောက်သူများ၏ ဓာတုလက်နက်၊ ဇီဝပိုးမွှားလက်နက်တို့ဖြင့် တိုက်ခိုက်မှုမှာ ကမ္ဘာကြီးအတွက် နျူကလီးယား စစ်ပွဲထက် ပိုမို အဆမတန် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာကြောင်း ချက်သမ္မတနိုင်ငံ ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဂျိုးဇက်ပရေ့က အောက်တိုဘာ ၁၃ရက်တွင် ပြောကြားသည်။

ပြောကြား

ချက်သမ္မတနိုင်ငံ၌ကျင်းပသည့် အစုလိုက်အပြုံလိုက် သေစေနိုင်သော လက်နက်များ တားဆီးကာကွယ်ရေးဆိုင်ရာ ဓာတု၊ ဇီဝ၊ ရေဒီယိုသတ္တိကြွနှင့် နျူကလီးယား (စီဘီအာရ်အင်န်)ညီလာခံတွင် ဂျိုးဇက်ပရေ့က အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

ခိုင်မာအောင်ဆောင်ရွက်

အကြမ်းဖက်သမားများ ဓာတုလက်နက်၊ ဇီဝပိုးမွှားလက်နက်များဖြင့် တိုက်ခိုက်ခြင်းကို မိမိတို့နိုင်ငံက အန္တရာယ်အကြီးဆုံးအဖြစ် ယူဆကြောင်း၊ ထို့ကြောင့် အရပ်သားများအား ကာကွယ်ရေးတွင် ဓာတုတပ်ဖွဲ့၏ အခန်းကဏ္ဍကို ခိုင်မာအောင် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း ဂျပန်စစ်ဘက်ကျွမ်းကျင်သူ ရှီးအိက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်တပ်ဖွဲ့နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွား သူပုန် ၄၀ကျော်နှင့် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ပက်ရှဝါ အောက်တိုဘာ ၁၆

အာဖဂန်နစ္စတန်နယ်စပ်အနီး ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် အောက်တိုဘာ ၁၄ရက်က တိုက်ပွဲဖြစ်ပွားစဉ် အစ္စလမ္မစ်စစ်သွေးကြွ ၄၀ကျော်နှင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆက်တိုက်ဆင်နွှဲ

မကြာမီလများအတွင်းက ပထန်လူမျိုးစုဒေသနှင့်အနီးရှိ ဆွပ်တောင်ကြားတို့တွင် စစ်သွေးကြွများနှင့် ပါကစ္စတန်လုံခြုံရေးတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။

ပါကစ္စတန် အစိုးရတပ်များ၏ ထိုးစစ်ကိုတုံ့ပြန်သည့်အနေဖြင့် စစ်သွေးကြွများကလည်း ပါကစ္စတန်နိုင်ငံအတွင်း အထူးသဖြင့် အနောက်မြောက်ဒေသ၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဆင်နွှဲလာကြသည်။

ဒဏ်ရာရ

အောက်တိုဘာ ၁၄ရက်က ခါဝါဇာခီလာဒေသ အတွင်း တိုက်ပွဲဖြစ်ပွားစဉ် အနည်းဆုံး စစ်သွေးကြွ ၂၅ဦးသေဆုံးခဲ့ပြီး တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကာ သုံးဦးဒဏ်ရာရခဲ့ကြသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်၌ ပုန်ကန်ဆူပူမှုများ ပိုမိုဆိုးရွားလာ နေတိုးအဖွဲ့အတွင်း စိုးရိမ်မှု ဖြစ်လာဟုဆို

ဂျီနီဗာ အောက်တိုဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံတွင် ခြောက်နှစ်အတွင်း တိုက်ခိုက်မှုအကြိမ်ပေါင်းမှာ ယခုနှစ်၌ စံချိန်တင်များပြားခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဆူပူသောင်းကျန်းမှုမှာလည်း ယခုအခါ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ တာလီဘန်ခြေကုတ်စခန်းများကို ကျော်လွန်ပျံ့နှံ့လာပြီဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ကာအိအိုက်က အောက်တိုဘာ ၁၃ရက်တွင် ပြောကြားသည်။

ပိုမိုဆိုးရွား

၂၀၀၁ခုနှစ်တွင် စစ်သွေးကြွ တာလီဘန်တို့ကို အမေရိကန်နှင့် အပေါင်းပါတပ်များက ဖယ်ရှားပြီးကတည်းက ယခုနှစ် ဆူပူအကြမ်းဖက်မှုမှာ အဆိုးရွားဆုံးဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ၄င်းက ပြောကြား သည်။

ထည့်သွင်းပြောကြား

အာဖဂန်နစ္စတန်၌ စစ်ရေးအရသာမက သာမန်အာဖဂန်ပြည်သူတို့၏ ထောက်ခံမှုကိုပါ ၄င်းတို့အနေဖြင့် ဆုံးရှုံးနေပြီလောဟု နေတိုးအဖွဲ့ဝင်များအတွင်း စိုးရိမ်မှုများ ပိုမိုများပြားလာပြီဟုလည်း ၄င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အမ်ပီသရီးဖြင့် သီချင်းကြာမြင့်စွာ နားထောင်မှု နားအကြားအာရုံ ထိခိုက်ပျက်စီးစေနိုင်

လန်ဒန် အောက်တိုဘာ ၁၆

တစ်ကိုယ်ရေသုံး သီချင်းနားဆင်အသုံးပြုသည့် အမ်ပီသရီး သို့မဟုတ် စီဒီပလေယာတို့ကို အသံကျယ်လောင်စွာ နားထောင်သူများသည် ၁၀ဦးလျှင် တစ်ဦး အကြားအာရုံပျက်စီးစေနိုင်ကြောင်း သုတေသီများက လေ့လာတင်ပြထားသည်။

တစ်နေ့လျှင် တစ်နာရီကျော်ကြာ အသံကျယ်လောင်စွာ နားဆင်ကြသူများသည် ငါးနှစ်ကျော်ပါက အကြားအာရုံ ထိခိုက်ပျက်စီးစေနိုင်ကြောင်း ဥရောပ သိပ္ပံပညာရှင်များက သတိပေးထားသည်။

ထိခိုက်ပျက်စီး

ဥရောပနိုင်ငံတစ်ဝန်း လူပေါင်း ၁၀သန်းကျော်တို့သည် အမ်ပီသရီးပလေယာများကို ကျယ်လောင်စွာ အသုံးပြုနားဆင်မှုကြောင့် အကြားအာရုံ ထိခိုက်ပျက်စီးမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။

အဆိုပါ အမ်ပီသရီးနှင့် စီဒီပလေယာများကို အမြဲမပြတ်နားဆင်သူများတွင် ကလေးများနှင့် ဆယ်ကျော်သက် လူငယ်များမှာ အများဆုံးဖြစ်သည်။

ထိုအခြင်းအရာနှင့် ပတ်သက်ပြီး နားအကြားအာရုံထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်အတွက် ဥရောပကော်မရှင်က နည်းလမ်း ရှာဖွေသွားမည်ဟု ဆိုသည်။

အသုံးပြု

ဥရောပတွင် နေ့စဉ် တစ်ကိုယ်ရေသုံး သီချင်းနားထောင်စက်များ အသုံးပြုသည့်ဦးရေမှာ ခန့်မှန်းခြေအားဖြင့် သန်း ၅၀မှ သန်း ၁၀၀အကြားတွင်ရှိသည်။ သီချင်းနားထောင်သူအများစုသည် မော်တော်ကားသံ၊ စက်သံများ ဆူညံမှုတို့ကို ကျော်လွှားနိုင်ရန် အသံကျယ်သည့်ခလုတ်ကို အသုံးပြုလေ့ရှိကြသည်။

အင်တာနက် ကျန်းမာရေး

အမြင်အာရုံချို့တဲ့သူများအတွက် ဒီဂျစ်တယ်စာကြည့်တိုက် တရုတ်၌ ဖွင့်လှစ်

ပေကျင်း အောက်တိုဘာ ၁၆

တရုတ်နိုင်ငံ ပေကျင်းမြို့၌ အမြင်အာရုံချို့တဲ့သူများအတွက် ဒီဂျစ်တယ်စာကြည့်တိုက်ကို အောက်တိုဘာ ၁၅ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အမြင်အာရုံချို့တဲ့သူများ ဖတ်ရှုလေ့လာရန်ခက်ခဲသည့်စာအုပ်များကို အီလက်ထရွန်နစ် စာအုပ်များအဖြစ် ပြုလုပ်အသံသွင်းကာ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ထားရှိသည်။

လေ့လာသင်ကြား

ထို့ပြင် ဂီတသံစဉ်များနှင့် အွန်လိုင်းမှပို့ချသည့် သင်ခန်းစာများကိုလည်း ယင်း ဒီဂျစ်တယ်စာကြည့်တိုက်၌ အလွယ်တကူပင် အခမဲ့လေ့လာသင်ကြားနိုင်သည်။

တရုတ် အမြင်အာရုံချို့တဲ့သူများ ဆက်သွယ်ရေးအဖွဲ့အစည်း၊ အမျိုးသားစာကြည့်တိုက်နှင့် တရုတ်မျက်မမြင်စာ ထုတ်လုပ်ရေးအဖွဲ့တို့၏ ပံ့ပိုးကူညီမှုဖြင့် အမျိုးသားစာကြည့်တိုက်၌ ဖွင့်လှစ်ထားရှိခြင်းဖြစ်သည်။

အောက်တိုဘာ ၁၅ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မျက်မမြင်များနေ့ အထိမ်းအမှတ်အဖြစ် ယင်းစာကြည့်တိုက်အား ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အီလက်ထရွန်နစ်စာအုပ် အုပ်ရေ ၂၀၀၊ အသံသွင်းအစီအစဉ် ၅၀၀၊ ဗီဒီယိုအစီအစဉ် ၅၀၀ကျော်ထားရှိရာ တရုတ်ရှေးဟောင်းယဉ်ကျေးမှု၊ ဆေးပညာ၊ ခေတ်သစ် နည်းပညာများအပါအဝင် နေ့စဉ်လူနေမှုဘဝများကိုပင် လေ့လာနိုင်ရန် ဆောင်ရွက်ထားကြောင်း ဆင်ဟွာက ဖော်ပြသည်။

စီစဉ်

ယင်းစာကြည့်တိုက်အတွက် အီလက်ထရွန်နစ်စာအုပ် ၂၀၀၊ သင်ရိုးဗီဒီယိုအစီအစဉ် ၃၀၀နှင့် အသံသွင်းအစီအစဉ် ၅၀၀တို့ကို နှစ်စဉ် ထပ်မံဖြည့်တင်းသွားရန် စီစဉ်ထားသည်။

အမြင်အာရုံချို့တဲ့

တရုတ်နိုင်ငံတွင် အမြင်အာရုံချို့တဲ့သူ ၈၂ဒသမ ၉၆သန်း ရှိပြီး ၁၆ ဒသမ ၉၁သန်းမှာ မျက်မမြင်များဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘဝအမောပြေ

မှတ်မိလိုက်ပုံက ....

စမစ်အမည်ရှိ အမျိုးသားကြီးတစ်ဦးသည် ရထားစီးရင်း ဗိုက်ဆာလာသဖြင့် စားသောက်တွဲသို့သွားကာ စားသောက်ပြီးနောက် ပြန်လာစဉ် သူစီးနင်းရာတွဲကို မမှတ်မိသဖြင့် အနီးရှိတွဲစောင့်အား မေးမြန်းလေသည်။

စမစ် ။ ။ ကျွန်တော်စီးလာတဲ့ တွဲမမှတ်မိဘူး ဖြစ်နေတယ်။

တွဲစောင့် ။ ။ ရထားတွဲနံပါတ် ဘယ်လောက်လဲ။

စမစ် ။ ။ မမှတ်မိဘူးဗျာ။

တွဲစောင့် ။ ။ ဒါဆို... ရထားလက်မှတ်မှာ ပါမှာပေါ့။ ရထားလက်မှတ် ခဏပေးပါ၊ ကြည့်ပေးမယ်။

စမစ် ။ ။ ရထားလက်မှတ်လည်း အဝတ်အိတ်ထဲမှာ ကျန်ခဲ့တယ်။

တွဲစောင့် ။ ။ ပြန်စဉ်းစားပါဦး၊ စီးလာတဲ့ရထားတွဲမှာ အမှတ်အသား ဘာမှတ်မိလဲ။

စမစ် ။ ။ ဟုတ်ပြီ...ကျွန်တော်စီးလာတဲ့ ထိုင်ခုံဘေးမှာ ပြတင်းပေါက်ရှိတယ်။ ပြတင်းပေါက်က လှမ်းကြည့်လိုက်ရင် လယ်ကွင်းတွေ တွေ့ရတယ်ဗျ၊ ဒါဆို ရှာလို့ရပြီပေါ့။

တွဲစောင့် ။ ။ 'ဗျာ'

သူတို့အတွေးနှင့်အမြင်

To know what is right and not to do it is the worst cowardice.

အမှန်ကိုသိရှိနိုင်ရန် မကြိုးစားခြင်းသည် သူရဲဘောအကြောင်ဆုံးပင် ဖြစ်သည်။

ကွန်ဖြူးရှပ်စ်
(တရုတ်အတွေးအခေါ်ပညာရှင်)

Every rascal is not a thief, but every thief is a rascal.

မသမာသူတိုင်းသည် သူခိုးများမဟုတ်ကြသော်လည်း သူခိုးတိုင်းမှာမူ မသမာသူများ ဖြစ်ကြသည်။

အရစ္စတိုတယ်
(ဂရိလူမျိုး အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မက်ဆီဒိုးနီးယားနိုင်ငံ၏ သမိုင်းကြောင်း

သတင်းအက်ဆေး

မက်ဆီဒိုးနီးယားနိုင်ငံသည် အရှေ့တောင်ဥရောပတွင်တည်ရှိသည်။ ၁၉၉၀ ပြည့်လွန်နှစ်များ အစောပိုင်းတွင် ယူဂိုဆလပ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြိုကွဲပြီးနောက် ဤနိုင်ငံမှာ အခြားသော ဘော်လကန်ဒေသနိုင်ငံများကဲ့သို့ လူမျိုးရေးအကြမ်းဖက်မှု မကြုံခဲ့ရပေ။ သို့သော် လွတ်လပ်ရေးရပြီး ဆယ်နှစ်တာကာလအတွင်း ပြည်တွင်းစစ်ဖြစ်လုနီးပါး ဖြစ်ခဲ့ရသည်။

ထကြွပုန်ကန်

အယ်လ်ဘေးနီးယားလူနည်းစုအတွက် အခွင့်အရေးပိုမိုပေးရန် တောင်းဆိုသူတို့က ၂၀၀၁ခုနှစ် အစောပိုင်းတွင် ထကြွပုန်ကန်သည်။ ထိုပဋိပက္ခကြောင့် ပြည်သူအချို့ ဒုက္ခသည်ဘဝ ရောက်ခဲ့ရသည်။

ဥရောပတိုက်ကို အော်တိုမန်တို့ အုပ်ချုပ်မှုမှာ နှစ်ပေါင်း ၅ရာစု ကြာပြီးနောက် ၁၉၁၃ခုနှစ်တွင် အဆုံးသတ်သွားသည်။ မက်ဆီဒိုးနီးယားနိုင်ငံကိုလည်း ဆားဗီးယား၊ ဘူလ်ဂေးရီးယားနှင့် ဂရိနိုင်ငံတို့က ခွဲစိတ်ယူလိုက်သည်။ ယခု ယူဂိုဆလပ်၊ မက်ဆီဒိုးနီးယား သမ္မတနိုင်ငံဟောင်းဆိုသည့်နိုင်ငံကို ဆားဗီးယားနိုင်ငံအတွင်း ပူးပေါင်းလိုက်သည်။

ကျူးကျော်

၁၉၁၄ခုနှစ် ပထမကမ္ဘာစစ်ကြီးအတွင်း ဤနိုင်ငံကို ဘူလ်ဂေးရီးယားနိုင်ငံက သိမ်းလိုက်သည်။ ၁၉၁၈-၁၉ခုနှစ် စစ်ကြီးပြီးသောအခါ ဆားဗီးယားနိုင်ငံ၏ အစိတ်အပိုင်းတစ်ရပ် ပြန်ဖြစ်လာသည်။ ဆာ့ဘ်၊ ခရိုအက်နှင့် ဆလိုဗက် ဘုရင့်နိုင်ငံကို ထူထောင်ပြီး ၁၉၂၉ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံဟု အမည်ပေးသည်။ ၁၉၃၉ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ယူဂိုဆလားဗီးယားကို ဂျာမနီက ကျူးကျော်သည်။

၁၉၄၅ခုနှစ်တွင် မက်ဆီဒိုးနီးယားအပါအဝင် သမ္မတနိုင်ငံခြောက်ခု ပူးပေါင်းကာ ယူဂိုဆလပ် ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံ ထူထောင်ခဲ့သည်။ သမ္မတမှာ မာရှယ်တီတိုးဖြစ်သည်။ ၁၉၈၀ပြည့်နှစ်၌ မစ္စတာတီတိုးကွယ်လွန်ခဲ့သည်။ သမ္မတနိုင်ငံများ အတွင်း အမျိုးသားရေးစိတ်ဓာတ်များ တိုးပွားလာခဲ့သည်။

အသိအမှတ်ပြု

၁၉၉၁ခုနှစ်တွင် လွတ်လပ်ရေးကြေညာသည်။ မက်ဆီဒိုးနီးယားဟူသော အမည်ကို အသုံးပြုသည့်အတွက် ဂရိနိုင်ငံက ကန့်ကွက်သည်။ မက်ဆီဒိုးနီးယားနိုင်ငံလွတ်လပ်ရေးကို နိုင်ငံတကာက အသိအမှတ်ပြုရန် နှောင့်နှေးနေသည်။ ထိုအမည်မှာ ဂရိနိုင်ငံပိုင်ပြည်နယ် တစ်ခုအမည်နှင့် တူနေသည်ဆို၏။ ၁၉၉၅ခုနှစ်တွင် မက်ဆီဒိုးနီးယား လွတ်လပ်ရေးကို ဂရိနိုင်ငံက အသိအမှတ်ပြုခဲ့သည်။

၁၉၉၃ခုနှစ်တွင် ယခင် ယူဂိုဆလပ် မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ အမည်ဖြင့် ကုလသမဂ္ဂသို့ ဝင်ခွင့်ရသည်။

၁၉၉၇ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးက အယ်လ်ဘေးနီးယားအလံ အသုံးပြုမှုကို တားမြစ်သဖြင့် ကန့်ကွက်ဆန္ဒပြမှုဖြစ်ပေါ်သည်။ ၁၉၉၈ခုနှစ်တွင် ဆားဗီးယားနိုင်ငံမှ အယ်လ်ဘေးနီးယား လူမျိုးစုဝင်များကိုထောက်ခံသည့် အင်အားပြပွဲကို စကို့ပယေမြို့တော်၌ ထောင်ပေါင်းများစွာသော အယ်လ်ဘေးနီးယားအနွယ်ဝင်များက စီစဉ်သည်။

ရွေးချယ်ခံရ

၁၉၉၉ခုနှစ် မတ်လတွင် ယူဂိုဆလားဗီးယားနိုင်ငံက ကိုဆိုဗိုအယ်လ်ဘေးနီယားတို့အပေါ် အကြမ်းဖက်ဆက်ဆံမှုနှင့် စပ်လျဉ်း၍ နေတိုးအဖွဲ့က ယူဂိုဆလားဗီးယားကို စတင်ဗုံးကြဲသည်။ မက်ဆီဒိုးနီးယားအပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ အစုအပြုံလိုက်ထွက်ပြေးလာကြသည်။ ထိုနှစ် ဇွန်လတွင် ယူဂိုဆလားဗီးယားက ငြိမ်းချမ်းရေးအစီအစဉ်ကို လက်ခံသဖြင့် ကိုဆိုဗိုဒုက္ခသည်များ မက်ဆီဒိုးနီးယားမှ စတင်ထွက်ခွာခဲ့သည်။ ထိုနှစ်နိုဝင်ဘာလတွင် ဘောရစ်ထရက်ကော့စကီး သမ္မတအဖြစ်ရွေးချယ်ခံခဲ့ရသည်။

၂၀၀၁ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လတို့တွင် အယ်လ်ဘေးနီးယားလူမျိုးစုတို့က ဆူပူအုံကြွသည်။ အခွင့်အရေးတန်းတူပေးရန် အမျိုးသားလွတ်မြောက်ရေးတပ် (အင်န်အယ်လ်အေ)ကို ထူထောင်ခဲ့သည်။ ထိုနှစ် မေလတွင် အယ်လ်ဘေးနီးယား သူပုန်များအား လိုက်လျောမှုကို ဒေါသထွက်ပြီး လက်နက်ကိုင်ကန့်ကွက်သူများက ပါလီမန်ကို ဝိုင်းသည်။ သမ္မတ ထရက်ကော့စကီးက ငြိမ်းချမ်းရေးမေတ္တာရပ်ခံချက်ထုတ်ပြန်ခဲ့သည်။ ထိုနှစ် ဩဂုတ်လတွင် အနောက်အုပ်စု ထောက်ခံသည့် အိုရစ်ငြိမ်းချမ်းရေးစာချုပ်ကို အစိုးရနှင့်သူပုန်တို့ လက်မှတ်ရေးထိုးခဲ့သည်။

ရာထူးမှနုတ်ထွက်

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတ ဘောရစ်ထရက်ကော့စကီး ဘော့စနီးယား၌ လေယာဉ်ပျက်ကျပြီး ကွယ်လွန်သည်။ ထိုနှစ်ဧပြီလတွင် ဘရန်ကိုခနာဗင်ကော့စကီး သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ထိုနှစ်ဇွန်လတွင် ပြည်ထဲရေးဝန်ကြီးဟောင်း ဟာရီကော့စတော့ ဝန်ကြီးချုပ်ဖြစ်လာသည်။ ထိုနှစ် နိုဝင်ဘာလတွင် ဝန်ကြီးချုပ် ဟာရီကော့စတော့ ရာထူးမှနုတ်ထွက်ပြီး ဆိုရှယ်ဒီမိုကရက်တစ် သမဂ္ဂခေါင်းဆောင် ဗလာဒို ဝန်ကြီးချုပ်ဖြစ်လာသည်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် အီးယူအဖွဲ့ဝင်ဖြစ်လာသည်။ ၂၀၀၆ခု ဇူလိုင်လ ရွေးကောက်ပွဲအပြီးတွင် ဗီအမ်အာရ်အို ဒီပီအမ်အင်န်အီးပါတီခေါင်းဆောင် နီကိုလာဂရက်စကီး ဝန်ကြီးချုပ် ဖြစ်လာသည်။

ကြေညာ

၂၀၀၈ခုနှစ် ဧပြီလတွင် ပါလီမန်ဖျက်သိမ်းခဲ့ပြီး ဇွန်လ ၁၁ရက်၌ ရွေးကောက်ပွဲကျင်းပရန် ကြေညာခဲ့သည်။

၂၀၀၈ခု ဇွန်လရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် နီကိုလာဂရက်စကီး၏ ပါတီကအနိုင်ရခဲ့သည်။ နေတိုးခေါင်းဆောင်များက အယ်လ်ဘေးနီးယားနှင့် ခရိုအေးရှားတို့ အဖွဲ့ဝင်ကြရေး ဖိတ်ခေါ်ရန်သဘောတူခဲ့သည်။ သို့သော် ဤနိုင်ငံကိုဖိတ်ခေါ်ရေးကိုမူ ဂရိနိုင်ငံက ကန့်ကွက်ထားသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဥရောပတိုက်ကို အော်တိုမန်တို့ အုပ်ချုပ်မှုမှာ နှစ်ပေါင်း ၅ရာစု ကြာပြီးနောက် ၁၉၁၃ခုနှစ်တွင် အဆုံးသတ်သွား၊ မက်ဆီဒိုးနီးယားနိုင်ငံကိုလည်း ဆားဗီးယား၊ ဘူလ်ဂေးရီးယားနှင့် ဂရိနိုင်ငံတို့က ခွဲစိတ်ယူလိုက်၊ ယခု ယူဂိုဆလပ်၊ မက်ဆီဒိုးနီးယား သမ္မတနိုင်ငံဟောင်းဆိုသည့်နိုင်ငံကို ဆားဗီးယားနိုင်ငံအတွင်း ပူးပေါင်းလိုက်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ စတင်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၆

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ စည်ကားသိုက်မြိုက်ခမ်းနားစွာ စတင်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲအသီးသီးသို့ (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ အတွင်းရေးမှူးများနှင့် ဦးစီးကော်မတီဝင်များ၊ သက်ကြီးသဘင်နှင့် ဂီတပညာရှင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုသုခုမအနုပညာကို ချစ်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

အဆိုပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ပထမနေ့အဖြစ် စတင်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) တေးသံရှင် ဒေါ်တင်တင်မြနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ မဟာဂီတ အဆိုအကဲဖြတ်ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် ''အောင်မင်္ဂလာ (ယိုးဒယား)'' သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်သီဟလင်း၊ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ ကရင်ပြည်နယ်မှ မောင်စောဂျွန်စကိုင်း၊ စစ်ကိုင်းတိုင်းမှ မောင်ချမ်းဖြိုး၊ ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုး၊ ရန်ကုန်တိုင်းမှ မောင်ဇင်မောင်မောင်(ခ) မောင်ထက်အောင်လင်း၊ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်နှင့် မောင်ဟိန်းလတ်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

ညနေပိုင်းတွင် မဟာဂီတ ဝါသနာရှင် (ဒုတိယတန်း)အဆိုပြိုင်ပွဲ၌ ''တောတောင်စွယ်(ယိုးဒယား)''သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဒေါ်သန်းသန်း၊ စစ်ကိုင်းတိုင်းမှ မမေစန္ဒာဝင်း၊ မကွေးတိုင်းမှ ဒေါ်တင်နိုင်မိုး၊ ကယားပြည်နယ်မှ ဒေါ်တင်မော၊ တနင်္သာရီတိုင်းမှ ဒေါ်မာမာစိန်၊ ရခိုင်ပြည်နယ်မှ ဒေါ်ခင်သက်စု၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ မန္တလေးတိုင်းမှ မသင်းသင်းခိုင်၊ ချင်းပြည်နယ်မှ ဒေါ်ချယ်ရီဆွေ၊ ပဲခူးတိုင်းမှ မထက်ထက်မော်၊ မန္တလေးတိုင်းမှ ဒေါ်မြင့်မြင့်နှင့် ရန်ကုန်တိုင်းမှ မစံပယ်ဖြူသိန်းတို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

အကပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမ၌ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်မာဒင်၊ အတွင်းရေးမှူး ဒေါ်မူမူခင်တို့ ခေါင်းဆောင်သော ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ဒိုင်အဖွဲ့များက ကြီးကြပ် အကဲဖြတ် အမှတ်ပေးကြပြီး မကွေးတိုင်းမှ ဒေါ်တင်မိုမို့အေး၊ ရန်ကုန်တိုင်းမှ ဒေါ်ဟိန်းသန္တာစိုး၊ မန္တလေးတိုင်းမှ ဒေါ်နီနီအောင်၊ ရန်ကုန်တိုင်းမှ ဒေါ်သစ်သစ်လွင်၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကုံကော်၊ မန္တလေးတိုင်းမှ ဒေါ်ဆောင်းနှင်းဝေဝေနှင့် မွန်ပြည်နယ်မှ ဒေါ်ဘိုမတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲ၁နာရီတွင် အက ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အကပြိုင်ပွဲကို ကျင်းပရာ မွန်ပြည်နယ်မှ ဦးဆန်းမင်းအောင်၊ မန္တလေးတိုင်းမှ ဦးထာဝရမျိုးလေး၊တနင်္သာရီတိုင်းမှ ဦးဝင်းဇော်မင်း(ခ)လွင်ကိုဦး၊မန္တလေးတိုင်းမှ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းမှ ဦးသန်းထွဋ်အောင်၊ မကွေးတိုင်းမှ ဦးတိုင်းချစ်တင်ဌေး၊ စစ်ကိုင်းတိုင်းမှ ဦးတင်ဝင်းအောင်၊ ရန်ကုန်တိုင်းမှ ဦးနိုင်လင်းနှင့် ဧရာဝတီတိုင်း မှ ဦးစဆန်းကိုတို့ ပြိုင်ပွဲဝင်ကြပြီး ပထမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

စန္ဒရားအတီးပြိုင်

အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စန္ဒရားအတီး ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မချမ်းမြေ့သူ ပါဝင်တီးခတ် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အတီးပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက ၊ အရေး၊ အတီးပြိုင်ပွဲ အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အမျိုးသမီးပြိုင်ပွဲ ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား အမျိုးသမီးပြိုင်ပွဲ၊ စာသားရေး၊ တေးသွားထည့်ခြင်းကို နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ရွာတော်အမှတ် (၇) တည်းခိုရေးစခန်း သင်တန်းခန်းမ၌ ကျင်းပရာ အရေးအကဲဖြတ်လုပ်ငန်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အတွင်းရေးမှူး ဦးကျော်ဆန်းဝင်းနှင့် အရေးအကဲဖြတ် လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အရေးပြိုင်ပွဲ ဝါသနာရှင် အဆင့် (ပထမတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် အေးချမ်းသာယာသည့် ပန်းတိုင်သို့ ခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ စောကျော်မင်းမူ၊ ကရင်ပြည်နယ်မှ ဦးမြင့်စိုး၊ ကယားပြည်နယ်မှ ဦးခင်မောင်လတ်၊ မွန်ပြည်နယ်မှ ဦးထွန်းအုပ်ကျော်၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း(ခ)ဦးသောင်း၊ ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ မကွေးတိုင်းမှ ဦးတင်ထွေး၊ မန္တလေးတိုင်းမှ ဦးမျိုးသူ(ခ) မျိုးမျိုးနှင့် ဦးဖုန်းမြိုင်၊ ရန်ကုန်တိုင်းမှ ဦးအုန်းသန်းထွန်း(ခ)ဦးမိုးခင်ကျော်နှင့် တက္ကသိုလ်ဆန်နီ၊ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်တို့က စာသားရေး၊ တေးသွားထည့်ကြသည်။

အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ''ဂုဏ်ယူဖွယ် မြန်မာ့ရိုးရာ'' ခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ ဦးကြည်စိုး၊ ချင်းပြည်နယ်မှ မောင်ပြည့်ဖြိုးမောင်၊ ကရင်ပြည်နယ်မှ ဂျေစီလံ၊ မွန်ပြည်နယ်မှ ဦးတင့်ဇော်ဦး၊ ရခိုင်ပြည်နယ်မှ ဦးမင်းသိန်းထွန်း၊ ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ စစ်ကိုင်းတိုင်းမှ ဦးဥက္ကာ၊ တနင်္သာရီတိုင်းမှ ဦးဇော်ထွန်းသောင်၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ မကွေးတိုင်းမှ ဒေါ်ငယ်ငယ်ထွန်း၊မန္တလေးတိုင်းမှ ဦးမြင့်ဆွေနှင့် ဦးမြင့်ဇော်၊ ရန်ကုန်တိုင်းမှ ဦးသန်းဝင်းနှင့် ဦးထွန်းသန်း(ခေါ်)ဦးသိန်းတန်၊ ဧရာဝတီတိုင်းမှ ဦးခင်ဝင်းတို့က စာသားရေး၊ တေးသွားထည့်ယှဉ်ပြိုင်ကြသည်။

အရေးအဆင့်မြင့်ပညာအဆင့်တွင် ''ထူးချွန်သူတို့ပျော်ရာမြေ'' ခေါင်းစဉ်ဖြင့် ကယားပြည်နယ်မှ မောင်လင်းဟိန်း၊ မွန်ပြည်နယ်မှ မနန်းသီဂီဝင်း၊ ရခိုင်ပြည်နယ်မှ မောင်ကျော်သီဟ၊ စစ်ကိုင်းတိုင်းမှ မောင်ထွန်းလျှန်းကပ်၊ မန္တလေးတိုင်းမှ မောင်နေမင်းထွန်းနှင့် မောင်အောင်မျိုးဦး၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုဝင်းနှင့် မောင်ပြည့်ဖြိုးလင်း၊ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းထွန်းတို့က စာသားရေး၊ တေးသွားထည့်ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးယှဉ်ပြိုင်

အဆင့်မြင့်ပညာအဆင့် အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်ဝင်းထက်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

စန္ဒရားအတီးပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲ၏ဝါသနာရှင်(ပထမတန်း)အမျိုးသားစန္ဒရားအတီးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးနီနီ ခေါင်းဆောင်သော အဖွဲ့ဝင်များသည် အကဲဖြတ်အမှတ်ပေးကြပြီး ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦး၊ဧရာဝတီတိုင်းမှ ဦးအောင်အောင်၊ ပဲခူးတိုင်းမှ ဦးစိုးသိန်း၊ ရန်ကုန်တိုင်းမှ ဦးတင့်ခိုင်တို့က ''ရဝိန် ခေါင်းယာဉ်ပျံ'' ပတ်ပျိုးသီချင်းဖြင့် စန္ဒရားအတီးပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာ အမျိုးသားစန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ်မှ မောင်လင်းထိုက်အောင်၊ ရန်ကုန်တိုင်းမှ မောင်ကျော်ကျော်ဦး၊ ပဲခူးတိုင်းမှ မောင်ရန်အောင်ဖလ၊ မကွေးတိုင်းမှ မောင်မင်းမင်းသိုက်၊ စစ်ကိုင်းတိုင်းမှ မောင်ဇေယျာဘုန်းမြင့်၊ ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးမြင့်၊ ကချင်ပြည်နယ်မှ မောင်အောင်ပိုင်သွေး၊ မန္တလေးတိုင်းမှ မောင်အောင်ကျော်မိုး၊ ရန်ကုန်တိုင်းမှ မောင်အောင်မင်းသူ၊ မန္တလေးတိုင်းမှ မောင်နေမင်းထွန်း၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်တို့က မဲဇာတောင်ခြေပတ်ပျိုးသီချင်းဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာ အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မချမ်းမြေ့သူ၊ ရန်ကုန်တိုင်းမှ မအေးစုမာ၊ ဧရာဝတီတိုင်းမှ မကျော်မေခမွန်၊ မန္တလေးတိုင်းမှ မရတနာဌေး၊ ရှမ်းပြည်နယ်မှ မကေသီဇင်၊ ရန်ကုန်တိုင်းမှ မယဉ်မင်းထက်တို့က စစ်ကိုင်းဧရာဝတီကာလပေါ် သီချင်းဖြင့်လည်းကောင်း စန္ဒရားအတီးပြိုင်ပွဲဝင်ကြသည်။

အကပြိုင်

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အက ပြိုင်ပွဲတွင် တနင်္သာရီတိုင်းမှ ဦးဝင်းဇော်မင်း(ခ) လွင်ကိုဦး ကပြယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

စောင်းအတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ စောင်းအတီး အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးအောင်ကိန်းနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် မဲဇာတောင်ခြေ(ပျိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်ခင်မိမိမို့၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ရန်ကုန်တိုင်းမှ မခင်အေးမွန်၊ မန္တလေးတိုင်းမှ ဝင်းသီဂီကျော်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ညနေပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်ထိ အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် သာယာသာယာ (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ရဲထက်အောင်၊ ပဲခူးတိုင်းမှ မောင်ပြည့်သော်တာအောင်၊ ဧရာဝတီတိုင်းမှ မောင်ကြည်ဝင်းတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ပြိုင်ပွဲဝင်

အလားတူ အဆင့်မြင့် ပညာအဆင့် (အမျိုးသား)စောင်းအတီးပြိုင်ပွဲတွင် လွမ်းဘွယ့်စေ(ပတ်ပျိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်သူရ၊ မန္တလေးတိုင်းမှ မောင်အောင်ကိုကို၊ ရန်ကုန်တိုင်းမှ မောင်မြတ်မိုးပိုင်(ခ) ပိုင်ပိုင်၊ ဧရာဝတီတိုင်းမှ မောင်ကျော်ရှင်းနိုင်နှင့် မန္တလေးတိုင်းမှ မောင်နေလင်းကျော်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အဆင့်မြင့် ပညာအဆင့် (အမျိုးသမီး)စောင်းအတီးပြိုင်ပွဲတွင် လွမ်းဘွယ့်စေ(ပတ်ပျိုး) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မမို့မို့စံ၊ မန္တလေးတိုင်းမှ မခင်သီတာမြိုင်၊ ရန်ကုန်တိုင်းမှ မအိအိမွန်၊ မွန်ပြည်နယ်မှ ထူးလဲ့ရည်လွင်၊ ရန်ကုန်တိုင်းမှ မရူပါဌေးနှင့် မန္တလေးတိုင်းမှ မရတနာဌေးတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲ၏ ဝါသနာရှင်(ပထမတန်း)အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲကို ယနေ့ နံနက် ၁၀နာရီ၁၅ မိနစ်တွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အတီးပြိုင်ပွဲ အကဲဖြတ်ခေါင်းဆောင် ဦးစိန်ဘမော် ခေါင်းဆောင်သောအဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြပြီး ရန်ကုန်တိုင်းမှ ဦးမျိုးအောင်ဦးအဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ကုလားအဖွဲ့နှင့် ဦးကျော်မင်းအဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ ဦးမင်းသိန်းထွန်း(ခ) ဖိုးထောင်အဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁

17-10 (06).pmd 1 10/17/2008, 3:28 AM

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရေး၊ တီး၊ ဆိုဟန်၊ အက၊ အလှပသာဒမြင်ကွင်း

အကပြိုင်

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဒေါ်ဆောင်းနှင်းဝေဝေ၏ ပါဝင်ယှဉ်ပြိုင်ဟန်။ (သတင်းစဉ်)

စန္ဒရား အတီးပြိုင်

ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦး တီးခတ်ယှဉ်ပြိုင်ဟန်။

(သတင်းစဉ်)

ဒိုးပတ် အတီးပြိုင်

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဦးမျိုးအောင်ဦးအဖွဲ့ တီးမှုတ်တီးခတ်ယှဉ်ပြိုင်ခဲ့သည်မှာ ....။

(သတင်းစဉ်)

အရေးပြိုင်

အရေးပြိုင်ပွဲတွင် စာသားရေး တေးသွားထည့်ခြင်းကို ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်မှု။ (သတင်းစဉ်)

မြန်မာ့ဆိုင်းဝိုင်းကြီး

အသက် (၁၅)နှစ်မှ (၂၀)အထိ အခြေခံပညာအဆင့် အမျိုးသား ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းအဖွဲ့ တီးခတ်ယှဉ်ပြိုင်ပုံ။ (သတင်းစဉ်)

17-10 (07).pmd 1 10/17/2008, 3:28 AM

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲဂုဏ်ပြုတေးသီချင်းကို အနုပညာရှင်များက သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

● *ရွှေဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့ ပြိုင်ပွဲဝင်အနုပညာရှင်များအားလုံး ''နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ''၊ ''အမျိုးသားယဉ်ကျေးမှု ရှင်သန်ဖွံ့ဖြိုး တိုးပွားခိုင်မြဲစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားရေး ဂုဏ်သိက္ခာ ပိုမိုတိုးတက်မြင့်မားလာစေရန် စောင့်ရှောက်မြှင့်တင်ပေးနိုင်ကြပါစေ'' လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

နိုင်ငံနဲ့ လူမျိုးရဲ့ဂုဏ်ရှိန်ကို ပိုမိုတင့်တယ်မြင့်မားစေမယ့် စိတ်ဓာတ်နဲ့ စွမ်းအားများကို တည်ဆောက်ပေးနေတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်မျိုးသားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်လာခဲ့ကြတာဟာ ယခုနှစ်ဆိုရင် (၁၆)ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

မြန်မာ့ဂုဏ်ရည်

ယခုလို ပြိုင်ပွဲကြီးများကျင်းပပေးခြင်းအားဖြင့် မြန်မာ့အနုသုခုမ ပညာရပ်များက ဆောင်ကြဉ်းလာခဲ့တဲ့ ယဉ်ကျေးသိမ်မွေ့မှု၊ ဖြူစင်ဖြောင့်မတ် ရိုးသားမှု၊ ရိုးရာဓလေ့စရိုက် အစဉ်အလာ လိုက်နာကျင့်ကြံထိန်းသိမ်းမှု၊ အမျိုးအနွယ်ကို စောင့်ရှောက်မှု စတဲ့ လေးစားမြတ်နိုးဖွယ်ရာ မြန်မာ့ဂုဏ်ရည်တွေဟာ ပိုမိုပြီး မြဲမြံခိုင်မာလာလျက်ရှိနေတာ ဖြစ်ပါတယ်။

ယဉ်ကျေးမှုရဲ့ ဂုဏ်အင်္ဂါများထဲမှာ လူမှုအဆင့်အတန်းကို ပိုမိုမြင့်မားအောင် ဖန်တီးဖော်ဆောင်ပေးနိုင်တဲ့ အတတ်ပညာနဲ့ ထုံးတမ်းဓလေ့၊ ကျင့်ဝတ်များကို ထိန်းသိမ်းတတ်တဲ့ ကိုယ်ကျင့်သိက္ခာများ ပေါင်းစည်းပါဝင်လျက်ရှိပါတယ်။

ဒါကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားယဉ်ကျေးမှု ရှင်သန်ဖွံ့ဖြိုးစည်ပင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာမှာ ရိုးရာဓလေ့စောင့်ထိန်းခြင်းနဲ့ မြင့်မားတိုးတက်အောင် စွမ်းဆောင်ပေးခြင်းဆိုတဲ့ ဂုဏ်အင်္ဂါနှစ်ရပ်ကို သဟဇာတဖြစ်စွာဖြင့် ရည်မှန်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု

ရှည်လျားခိုင်မာတဲ့ မြန်မာ့သမိုင်းစဉ် တစ်လျှောက်မှာ မိမိတို့ရဲ့ ဘိုးဘွားမိဘများက ရိုးရာမပျက်စေဘဲ အမျိုးသားယဉ်ကျေးမှုကို မြှင့်တင်နိုင်ခဲ့ကြတဲ့ ဂုဏ်ကျေးဇူးကြောင့်လည်း မိမိတို့ဟာ မြန်မာ့မှု မြန်မာ့ဟန်တို့နဲ့ သီးသီးသန့်သန့်ဖြစ်တည်နေတဲ့ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီးကို ဆက်ခံပိုင်ဆိုင်ထားနိုင်ခြင်း ဖြစ်ပါတယ်။

အဆင့်အတန်းမြင့်မားပြီး ကျယ်ဝန်းနက်ရှိုင်းတဲ့ မြန်မာ့ရိုးရာ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်တွေ ခိုင်ခိုင်ခံ့ခံ့ ဖြစ်ထွန်းနေခြင်းကြောင့်လည်း တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုအန္တရာယ်က ကာကွယ်ဖို့အတွက် ကိုယ်ခံအား ကောင်းမွန်လျက်ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

မြန်မာလူမျိုးတွေဟာ ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားတတ်တဲ့ ဗီဇကောင်းရှိကြသူတွေ ဖြစ်ပါတယ်။ ရိုးရာဓလေ့အစဉ်အလာအရ မြန်မာလူမျိုးတို့ ကျင့်ကြံနေထိုင်ကြတဲ့ အလေ့အထ အမူအကျင့် အသုံးအဆောင်အားလုံးဟာ မြန်မာ့မှု မြန်မာ့ဟန် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာတွေနဲ့ လွတ်ကင်းတာမရှိဘဲ မြန်မာမှုတွေနဲ့ ထုံမွမ်းနေတာကို တွေ့ကြရမှာဖြစ်ပါတယ်။

ပုံဖော်ခြယ်သ

မင်းခန်းဝင်အသုံးအဆောင်ပစ္စည်းများမှ အစပြုပြီး ခေတ်အဆက်ဆက်က မင်္ဂလာယူသုံးစွဲကြတဲ့ အခမ်းအနား၊ အဆောင်အယောင်တွေမှာ မြန်မာ့အနုပညာ အပြောက်အမွမ်းလက်ရာတွေကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ ဓလေ့စရိုက်တွေနဲ့ ပုံဖော်ခြယ်သ သုံးစွဲကြတဲ့ မြန်မာတို့ရဲ့ အလေ့အထဟာ ယနေ့ထက်တိုင် စွဲမြဲလျက်ရှိပါတယ်။

အလားတူပဲ ခေတ်အဆက်ဆက်မှာ ရဟန်းပညာရှိ၊ လူပညာရှိများက အစပြုပြီး မြန်မာ့အနုသုခုမ ပညာရှင်များ၊ မြန်မာ့လက်မှုပညာရှင်များဟာ အများသူငါ လိမ္မာရေးခြားရှိအောင်၊ ယဉ်ကျေးသိမ်မွေ့အောင်ဆိုတဲ့ စေတနာစိတ်ထားနဲ့ ဗုဒ္ဓဝင်၊ မဟာဝင် ရာဇဝင်လာ သမိုင်းမော်ကွန်းတွေ၊ ဘာသာရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အတွေးအခေါ်အယူအဆတွေကို ပြည်သူအများ နိစ္စဓူဝ လှုပ်ရှားဆောင်ရွက်ရင်း အမြဲမပြတ် ထိတွေ့ယဉ်ပါးနေစေရအောင် သိမ်သိမ်မွေ့မွေ့ စွမ်းဆောင်ပေးခဲ့ကြတာကိုလည်း တွေ့နိုင်ပါတယ်။

အလင်္ကာမြောက်သီကုံးဖန်တီး

ခက်ခဲနက်နဲတဲ့ တရားဓမ္မတွေ၊ အဘိဓမ္မာ သဘောတရားတွေကို အနက်မထောင့် ဖြောင့်ဖြောင့်စင်းစင်း အများပြည်သူ အလွယ်တကူ နားလည်စေဖို့ ရဟန်းပညာရှိ၊ လူပညာရှိများဟာ လွယ်ကူရှင်းလင်းတဲ့ ဖွင့်ဆိုမှုများနဲ့ ပျို့ကဗျာ လင်္ကာများ သီကုံးဖွဲ့ဆိုခဲ့ကြသလို မြန်မာ့ဇာတ်သဘင် ရုပ်စုံသဘင် ပညာရှင်များကလည်း အနုပညာရသနဲ့ အလင်္ကာမြောက် သီကုံးဖန်တီးထားတဲ့ တေးသီချင်းတွေ၊ ဇာတ်ထုပ် ဇာတ်ကွက်တွေကို တင်ဆက်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာ့ဇာတ်သဘင်တင်ဆက်မှုများဟာ အနုပညာရသမြောက်သည်သာမက ရှုမြင်သူပရိသတ်များကို လောကီရေးရာ ဘဝသင်ခန်းစာများမှ တစ်ဆင့်တက်ပြီး မြတ်ဗုဒ္ဓရဲ့ ဓမ္မဒေသနာအဆုံးအမများကို ထိတွေ့သိမြင် နားလည်ခံစားရခြင်းဆိုတဲ့ လောကုတ္တရာ အကျိုးစီးပွားအထိ ပေးစွမ်းနိုင်ကြတာ တွေ့ရပါတယ်။

ယခုနှစ် ဇာတ်သဘင်ပြိုင်ပွဲကြီးမှာ ကပြယှဉ်ပြိုင်ကြမယ့် ဘူရိဒတ်ဇာတ်တော်ကြီးမှာဆိုရင်လည်း မြတ်ဗုဒ္ဓရဲ့ ကိုယ်ကျင့်သိက္ခာ စောင့်စည်းခြင်းကို အခြေခံတဲ့ ဖြူစင်သော သီလပါရမီ၊ ကြံ့ကြံ့ခိုင်ခိုင် သည်းခံကျင့်ကြံခြင်းကို အခြေခံတဲ့ ခိုင်ကျည်သော ခန္တီပါရမီ၊ ကိုယ်စိတ်နှလုံး သုံးပါးလုံး တစ်ဖြောင့်တည်းဖြစ်အောင် စောင့်ထိန်းခြင်းကို အခြေခံတဲ့ ခိုင်ခံ့သောသစ္စာပါရမီ၊ ရည်စူးဆုံးဖြတ်သည့်အတိုင်း ဖြစ်မြောက်သည်အထိ ကျင့်ကြံအားထုတ်ခြင်းကို အခြေခံတဲ့ တည်ကြည်သော အဓိဋ္ဌာန်ပါရမီတို့ရဲ့ ဂုဏ်တော်တွေကို အတုယူ လိုက်နာချင်စဖွယ်ဖြစ်အောင် ဖော်ညွှန်းကပြနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ထည့်သွင်းယှဉ်ပြိုင်

မြန်မာ့သဘင်ပညာရဲ့ အစိတ်အပိုင်း တစ်ရပ်ဖြစ်တဲ့ ''ကွက်စိပ်''ကို ယခုနှစ်အဖို့ ဒုတိယအကြိမ်အဖြစ် ထည့်သွင်းယှဉ်ပြိုင်စေရာမှာ ''ရာဟုလာအမွေတောင်းခန်း''ကို သတ်မှတ်ပေးထားပါတယ်။

ကွက်စိပ်ရဲ့ ဂုဏ်ဒြပ်နဲ့အညီ ဝစနာလင်္ကာရသဘောအရ ပြောဆိုရေရွတ်မြည်တမ်းသီဆိုတဲ့ ပညာရပ်တွေ၊ လင်္ကာနဘော ကာရန်များနဲ့ တန်ဆာဆင်ထားတဲ့ အာဝဇ္ဇန်းတွေကို ရသမြောက်စွာ အသုံးချပြီး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အတွက် သာသနာ့အမွေရဲ့ ဂုဏ်ကျေးဇူးကို ပီပီပြင်ပြင်ဖော်ညွှန်းဖွဲ့ဆို တင်ဆက်ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှု အနုပညာသမိုင်းမှာ စာပေအသွင်သဏ္ဌာန်နဲ့ စတင်ပေါ်ပေါက်လာခဲ့ပြီး စင်တင်အနုပညာတစ်ရပ်အဖြစ် ဖြစ်ထွန်းလာခဲ့တဲ့ ''ပြဇာတ်''ကိုလည်း ပြန်လည်ဖော်ထုတ်မြှင့်တင်ပေးလျက်ရှိရာမှာ ယခုနှစ်အဖို့ ''လူငယ့်အားမာန် မိုးယံဆီသို့''ဆိုတဲ့ လှုပ်ရှားသက်ဝင်နေတဲ့ ခေါင်းစဉ်ကို ရွေးချယ်ပေးထားပါတယ်။

အမျိုးသားရေးအားမာန်

မြန်မာလူထုနဲ့ ယဉ်ပါးနှစ်ခြိုက်မှုရှိပြီး ဖြစ်တာကြောင့် စည်းရုံးစေ့ဆော်မှုစွမ်းအားကြီးမားထက်မြက်လှတဲ့ ပြဇာတ်အနုပညာရဲ့စွမ်းပကားကို ထိထိမိမိအသုံးချပြီး ပေးအပ်ထားတဲ့ခေါင်းစဉ်နဲ့အညီ အနာဂတ်အတွက် စွမ်းအားအရင်းအမြစ်များဖြစ်တဲ့ လူငယ်များအပါအဝင် မြန်မာပြည်သူတစ်ရပ်လုံးကို အမျိုးသားရေး အားမာန်ဖြင့် ရှင်သန်နိုးကြားလာစေရအောင် စည်းရုံးဆော်ဩပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်ထားပါတယ်။

လူ့ဘဝဟာ အဆင့်ဆင့်ရင့်ကျက် တိုးတက်ပြောင်းလဲလာရသလို အနုပညာရပ်များဟာလည်း တိုးတက်ပြောင်းလဲနေတာဖြစ်တဲ့အလျောက် ခေတ်စနစ်အချိန်အခါနဲ့ လျော်ညီစွာ ဆန်းသစ်တဲ့ ဂီတအနုပညာများပေါ်ထွန်းလာကြတာ ဓမ္မတာပဲ ဖြစ်ပါတယ်။ မြန်မာ့ဂီတနယ်ပယ်မှာ 'သံရိုး'၊ 'သံဆန်း'၊ 'ကာလပေါ်'လို့ ခေါ်တွင်ကြတဲ့ ဂီတရေစီးဟာ ဆန်းသစ်တီထွင်မှု၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်တွေကို ထင်ဟပ်ဖော်ညွှန်းပြဆိုနေခြင်းပဲ ဖြစ်ပါတယ်။

တီထွင်ဆန်းသစ်

ဒီသဘောတရားနဲ့အညီ ခေတ်အကြိုက် တေးသီချင်းပြိုင်ပွဲကို ယခုနှစ်မှာ ထည့်သွင်းယှဉ်ပြိုင်စေခဲ့ခြင်း ဖြစ်ပါတယ်။ အလျဉ်မပြတ် တိုးတက်ပြောင်းလဲနေတဲ့ခေတ်ကာလနဲ့လျော်ညီစွာ ခေတ်အကြိုက်၊ ခေတ်စရိုက်ကို လိုက်၍ဖြစ်စေ၊ အမျိုးသားရေး လိုအပ်ချက်တွေရဲ့ တောင်းဆိုမှုကြောင့်ဖြစ်စေ တီထွင်ဆန်းသစ်မှုများဟာ ပေါ်ထွန်းလာတတ်ပါတယ်။ ဆန်းသစ်တဲ့ဟန်နဲ့ အမျိုးသားရေးကို ဖော်ကျူးတဲ့ တေးသီချင်းတွေ၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ် စိတ်ကို နိုးကြားရှင်သန်စေတဲ့ တေးသီချင်းတွေ၊ မြန်မာ့လူမှုဘဝ ဓလေ့စရိုက် အစဉ်အလာနဲ့ မြန်မာ့သဘာဝ အလှအပများကို တင်စားဖွဲ့ဆိုတဲ့ တေးသီချင်းတွေဟာလည်း မျက်မှောက်ခေတ် အပါအဝင် သမိုင်းခေတ် အဆက်ဆက်မှာ အမြောက်အမြား ပေါ်ထွန်းလာခဲ့ပါတယ်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုနဲ့ ဖီလာဆန့်ကျင်မှုမရှိဘဲ ဆန်းသစ်တဲ့ ခေတ်အကြိုက် တေးသီချင်းများကို ထည့်သွင်းယှဉ်ပြိုင်ခြင်းအားဖြင့် ဂီတရေစီးကြောင်းကို ပိုမိုအားကောင်း သစ်လွင်အောင် အားပေးထောက်ကူနိုင်လိမ့်မယ်၊ ဂီတပညာနဲ့ အမျိုးသားရေးအတွက် အကျိုးရှိ ထိရောက်အောင် ပိုမိုဖန်တီးဖော်ဆောင်နိုင်လိမ့်မယ်ဆိုတဲ့ ယုံကြည်မှုနဲ့ ယခုလို စီမံဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောက်တိုဘာ ၁၇ ရက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၂	၁၇-၁၀-၂၀၀၈ (သောကြာနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ ကာလပေါ် အဆို၊ ကာလပေါ်	ဝါသနာရှင်(ပထမတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက ပြဇာတ် ပြဇာတ်	အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား) လူငယ့်အားမာန်မိုးယံဆီသို့ (ဧရာဝတီတိုင်း) လူငယ့်အားမာန်မိုးယံဆီသို့ (ကရင်ပြည်နယ်)	၀၉၀၀ ၁၈၃၀ ၂၁၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(စန္ဒရား) အတီး(စန္ဒရား)	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ပတ္တလား) အတီး(ပတ္တလား)	အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(အိုးစည်) အတီး(အိုးစည်)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းတစ်ဦးချင်း) အတီး(ဆိုင်းတစ်ဦးချင်း)	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အဆို(ခေတ်အကြိုက်) အဆို(ခေတ်အကြိုက်) ရုပ်စုံသဘင်အဖွဲ့လိုက်	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသမီး) မဟာဗုဒ္ဓဝင်တောထွက်ခန်း(ရန်ကုန်တိုင်း)	၀၉၀၀ ၁၃၀၀ ၁၉၀၀

■ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော် အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များ၊ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ (၁၆)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့်ကော်မတီ ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံတမန်များ၊ ကုလ ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင် များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များ၊ ပြည်နယ်နှင့် တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် များ၊ ပြည်နယ်နှင့်တိုင်း ၁၄ခုတို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဝတ်စုံ များ ဝတ်ဆင်ထားသော ပြိုင်ပွဲဝင် အမျိုးသမီးများ၊ အကပြိုင်ပွဲဝင် ပြည် နယ်နှင့်တိုင်း ၁၄ခုတို့မှ ဝါသနာရှင် အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်တို့မှ ပြိုင်ပွဲဝင်ကြမည့် အကဝတ်စုံများ ဝတ်ဆင်ထားသည့် ပြိုင်ပွဲဝင် အမျိုး သမီးများ၊ အထူးဖိတ်ကြားထားသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့မှ တိုင်းရင်းသား ဧည့် သည်တော်များနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနမှ ကလပ်နှင့်ဖဲကြိုး၊ ကြက်လျှာ ကိုင် မြန်မာဝတ်စုံဝတ်အမျိုးသမီးငယ် များက သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်(၁၆)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး စဉ်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို နေပြည်တော် မြို့တော်ခန်းမဥပစာရှေ့၌ ကျင်းပစဉ်။

(သတင်းစဉ်)

သမဂ္ဂ ဌာနေကိုယ်စားလှယ်ရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တော တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ဇဟိုအကဲ ဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်း သား ကျောင်းသူများနှင့် ဖိတ်ကြား ထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်များကို နံနက် ၇နာရီခွဲတွင် နေပြည်တော် မြို့တော် ခန်းမ ဥပစာရှေ့၌ ကျင်းပရာ ပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီ အစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးလှ ဝင်း၊ ဒေါ်လိှုင်းမောင်ပန်နှင့် ဒေါ်ကေ ခိုင်ဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

နှစ်စဉ်မပျက်ကျင်းပ

အစီအစဉ်အရ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် က ပြိုင်ပွဲကျင်းပရန်စီစဉ်ထားရှိမှုများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တွင် စစ်မှန်ခိုင်မာသော ပြည်ထောင်စု စိတ်ဓာတ်အပေါ် အခြေခံပြီး မျိုးချစ် စိတ်ဓာတ် ဇာတိသွေး၊ ဇာတိမာန်များ မြင့်မားထက်မြက်ရှင်သန်စေရေး၊မြန်မာ့ ရိုးရာယဉ်ကျေးမှု အနုပညာ အမွေ အနှစ်များ ရေရှည်တည်တံ့ ထိန်းသိမ်း ထားနိုင်ရေးတို့အတွက် ၁၉၉၃ခုနှစ်က စတင်ပြီး နိုင်ငံတော်က နှစ်စဉ်မပျက် ကျင်းပပေးခဲ့သည့် မြန်မာ့ရိုးရာ ယဉ် ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် ယခုဆိုလျှင် (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကာလသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ် ကြောင်း။

မိမိတို့ ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီအနေဖြင့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောင်မြင် စွာ ကျင်းပနိုင်စေရန်နှင့် ပြည်နယ်၊ တိုင်း အသီးသီးက ပြိုင်ပွဲကြီးမှာ ပါဝင် ယှဉ်ပြိုင်ကြမယ့် ပြိုင်ပွဲဝင် ညီအစ်ကို မောင်နှမများ ကိုယ်စိတ်နှစ်ပါး ပျော် ရွှင်ချမ်းမြေ့စွာဖြင့် ယှဉ်ပြိုင်နိုင်ရေးတို့ အတွက် ကြိုဆိုရေး၊ တည်းခိုနေထိုင် ရေး၊ ကျွေးမွေးဧည့်ခံရေး၊ သယ်ယူ ပို့ဆောင်ရေးနှင့် ကျန်းမာရေးအပါ အဝင် ဘက်စုံထောင့်စုံက လိုလေသေး မရှိအောင် အစစအရာရာ ကြိုတင် ပြင်ဆင်ထားပြီးဖြစ်ကြောင်း။

အဆင့်ခြောက်ဆင့်

ပြိုင်ပွဲအဆင့်များကိုလည်း ယခင် နှစ် ပြိုင်ပွဲများနည်းတူ ဝါသနာရှင် (ပထမတန်း) အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့် ပညာအဆင့်၊ အခြေခံပညာ အသက် (၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း) အဆင့်၊ အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)အဆင့်၊ အခြေခံပညာ အသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) အဆင့် စသော အဆင့်ခြောက်ဆင့်ကို သတ်မှတ် ပြဋ္ဌာန်းယှဉ်ပြိုင်ရန် စီစဉ် ထားပြီးဖြစ်ကြောင်း။

ဘာသာရပ်အလိုက် ပြိုင်ပွဲများ အနေဖြင့် အဆိုပြိုင်ပွဲတွင် မဟာဂီတ နှင့် ခေတ်ဟောင်း/ကာလပေါ်တေး ပြိုင်ပွဲများအပြင် ယခုနှစ် (၁၆)ကြိမ် မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ခေတ်အကြိုက်တေးသီချင်းပြိုင်ပွဲကို အသစ်ပြဋ္ဌာန်း ထည့်သွင်းယှဉ်ပြိုင်ရန် အသင့်ပြင်ဆင်ထားရှိပြီး ဖြစ်ကြောင်း။

ဇာတ်တော်ကြီးပြိုင်ပွဲ

အကဘာသာရပ် ပြိုင်ပွဲများတွင် မူလအမျိုးသား၊ အမျိုးသမီး အဆင့် လိုက် ပြိုင်ပွဲများအပြင် ဇာတ်တော် ကြီးပြိုင်ပွဲ၌ ခန္တီပါရမီရင့်သန်မှုတန်ဖိုး ကို ဖော်ညွှန်းပြဆိုထားသော ဘူရိဒတ် ဇာတ်တော်ကြီးကို မြန်မာ့အလှ၊ မြန်မာ့ အက၊ မြန်မာ့အဆို၊ မြန်မာ့အနုပညာ များဖြင့် ထုံမွမ်း တင်ဆက်သွားရန် စီစဉ် ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ အလားတူ ပြဇာတ်ပြိုင်ပွဲတွင် (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲကြီး ၏ ဦးတည်ချက်များနှင့် အနှစ်သာရ များ ပါဝင်ထင်ဟပ်သော **"လူငယ် အားမာန်မိုးယံဆီသို့"** ဟူသည့်ပြဇာတ် ကို ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားပြီး ဖြစ်ကြောင်း။

ကွက်စိပ်ပြိုင်ပွဲ

ထို့အပြင် ကွက်စိပ်ပြိုင်ပွဲတွင် **"ရာဟုလာအမွေတောင်းခန်း"**၊ ရုပ်စုံ သဘင်အဖွဲ့လိုက်ပြိုင်ပွဲကို **"မဟာ ဗုဒ္ဓဝင်တောထွက်ခန်း"**နှင့် အနုပညာ မြောက်အောင် ယှဉ်ပြိုင်တင်ဆက် သွားကြရန် အားလုံးအသင့်ပြင်ဆင်ပြီး ဖြစ်ကြောင်း။

ယခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ပြည်နယ်၊ တိုင်း အသီးသီးက ပြိုင်ပွဲဝင်ဦးရေ ၁၉၈၅ဦး နှင့် ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် အရေအတွက် ၂၆၀၅ဦး ဖြစ်သည့် အတွက် ယခင်နှစ်များကထက် ပြိုင်ပွဲ ဝင်အင်အား ပိုမိုများပြားစွာ ပါဝင် ယှဉ်ပြိုင်သည်ကို အားရဝမ်းမြောက် ဖွယ်ရာတွေ့မြင်ရကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲဝင်အသီးသီး၏အနုပညာအရည် အသွေးနှင့် ထိုက်တန်ကိုက်ညီသော ဆုတံဆိပ်များကိုလည်း ထိုက်ထိုက် တန်တန် ချီးမြှင့်ပေးနိုင်ရေး ပြင်ဆင် ထားပြီး ဖြစ်ကြောင်း။

ပျော်ရွှင်ချမ်းမြေ့

ယခုအချိန်တွင် မြန်မာတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ် များကို စုံမက်မြတ်နိုး နှစ်သက် အားပေးလိုသော ပြည်သူများအနေဖြင့် ပြည်နယ်၊တိုင်း အသီးသီးကရောက်ရှိ လာကြသည့် ပြိုင်ပွဲဝင် အနုပညာရှင် များ၏ ယှဉ်ပြိုင်တင်ဆက်မှုကို တစ်ခဲ နက် အားပေးကြည့်ရှုကြရန်စောင့်မျှော် နေကြပြီဖြစ်သည့်အတွက် ပြိုင်ပွဲဝင် များအားလုံးအနေဖြင့် ကိုယ်စိတ် နှစ်ပါး ကျန်းမာချမ်းသာခြင်းများနှင့် အတူပျော်ရွှင်ချမ်းမြေ့စွာပါဝင်ယှဉ်ပြိုင် ဆင်နွှဲသွားကြပါဟု ဂုဏ်ယူစွာ တိုက် တွန်းပြောကြားလိုပါကြောင်းဖြင့် ပြော ကြားသည်။

ထို့နောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင် မြင့်က (၁၆) ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးလိုက်သည်။

အခမ်းအနားမှူး

ဆက်လက်၍ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ခန်းမ ဆောင်အတွင်း၌ ကျင်းပရာ အခမ်း အနားမှူးများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်း၊ ဒေါ်လိှုင်း မောင်ပန်နှင့် ဒေါ်ကေခိုင်ဆွေ တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ(၁၆)ကြိမ်မြောက်မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယကနိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင် မြင့်ဦးက မိန့်ခွန်းပြောကြားသည်။

[အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦး၏ မိန့်ခွန်းကို သီးခြားဖော်ပြ ထားပါသည်။]

ဖျော်ဖြေတင်ဆက်

ယင်းနောက် ဂီတပညာရှင် ဗိုလ်ကလေးတင့်အောင်ရေးသားသီကုံး စပ်ဆိုထားသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ ဂုဏ်ပြု တေးသီချင်းကို အနုပညာရှင်များက သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ ဝင်များသည် (၁၆)ကြိမ်မြောက်မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက် ရောက်လာကြသူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

အမျိုးသားရေးသတိ

ဒါကြောင့် မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ အစဉ်ထာဝရ ရှင်သန် ဖွံ့ဖြိုးစည်ပင်နေစေရအောင်ကြိုးပမ်းဆောင်ရွက်ရင်း အနှစ်သာရအားဖြင့် မြန်မာ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လေးစားမြတ်နိုး ထိန်းသိမ်းရေး၊ အမျိုး သားရေး စရိုက်လက္ခဏာများ စောင့်ရှောက်မြှင့်တင်ရေး စတဲ့လုပ်ငန်းများကို အမျိုးသားရေးသတိနဲ့ ဆောင်ရွက်သွားကြပါလို့ မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့နိုင်ငံနဲ့လူမျိုးအတွက် နက်ရှိုင်းတဲ့ အမျိုးသားရေး အဓိပ္ပာယ် ရှင်သန်စေလိုတဲ့အနှစ်သာရ၊ မြင့်မားတဲ့မျှော်မှန်းချက်များနဲ့ ပေါင်းစည်း ပါဝင်နေတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်ဖြစ်ထွန်းစေရအောင်နဲ့ ပြိုင်ပွဲကြီးရဲ့တင်ဆက် ယှဉ်ပြိုင်မှုများက တစ်ဆင့် ပြည်သူများအကြား ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများကိုစောင့်ရှောက်မြှင့်တင်လိုတဲ့ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်၊ တပေါင်းတစည်းတည်းသော ယဉ်ကျေးမှုကိုအခြေခံတဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု စိတ်ဓာတ်တွေ ထက်သန်စွာ နိုးကြားလာစေရအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြဖို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။**(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-

နေလပမာထွန်းလင်းဖြာ မြန်မာ့အနုပညာ

ဦးရဲဒွေး (အမြင့်သဘင်)

ကမ္ဘာ့မှုနှင့် မြန်မာမှုများတွင် အဆို၊ အတီးဟူသော ဂီတအနုပညာ (Art of Music)၊ အကအနုပညာ (Art of Dancing) နှင့် ဇာတ်လမ်းဇာတ်ကွက်ဖြင့် ခင်းကျင်းသရုပ်ဖော် ပြသသောဇာတ်၊ ပြဇာတ်အနုပညာ (သို့မဟုတ်) ဇာတ်သဘင်အနုပညာ(Art of Drama) ဟူ၍ ရှေးပဝေသဏီကပင် စတင်တီထွင် ပေါ်ပေါက်ခဲ့လေသည်။ ယင်းအနုပညာရပ်များသည် ယခုအခါ နီးနွှယ်ဆက်စပ်လျက် ရှိကြသော်လည်း တစ်သီးတခြားစီ တီထွင် ပေါ်ပေါက်ခဲ့ကြခြင်း ဖြစ်ပေသည်။

လူဇာတ်ဆောင်များ သို့မဟုတ် အရုပ်များက ဇာတ်လမ်းဇာတ်ကွက်ဖြင့် ခင်းကျင်းသရုပ်ဖော် ပြသရသောဇာတ်၊ ပြဇာတ် အနုပညာ (Drama or Play) မှာ များစွာရှေးကျလှ၍ ရှေးဦးစွာ ဒဏ္ဍာရီပုံပြင်ဝတ္ထုများ ပြောကြားမှု (Story-telling) မှ စတင်ပေါ်ပေါက်ခဲ့ဟန် တူပေသည်။

မြန်မာနိုင်ငံ၌ ကြက်ကလေး ကြက်မကြီးပုံပြင်သည် များစွာရှေးကျလှသော ပုံပြင်ဖြစ်ပေမည်။ လူကြီးမိဘများက ကလေးသူငယ်များအား ကြက်ကလေးပုံပြင် ပြောကြားရာတွင် ခံစားချက်များပါဝင်သော အသံနေအသံထားဖြင့် အသံတိုး အသံကျယ်၊ အသံသေး အသံကြီး၊ အသံနှေး အသံမြန်၊ ခြောက်သံ ကြောက်သံ၊ တုန်ခါသံများပါရှိမည်ဖြစ်၏။ ထို “ခံစားချက်ဖော်ပြမှု” (Expression) သည်ဇာတ်၊ ပြဇာတ်တွင် အရေးကြီးသည့် အင်္ဂါရပ်တစ်ရပ်ဖြစ်သော “စကားပြော (Speech or Dialogue)”၏ အစပင်ဖြစ်၏။

နှောင်သော် ရဟန်းသံဃာတော်များ၊ လူပုဂ္ဂိုလ်များက ဘုရားဟောဇာတ်နိပါတ်တော်များကို ဟောပြောရာမှ စာဟောစာပြော ကွက်စိပ် ဟူ၍ အနုပညာတစ်ရပ် (Art of Oratorio) ပေါ်ပေါက်လာခဲ့ဟန် တူပေသည်။

စာဟောစာပြောကွက်စိပ် ဟောပြောမှုသည် ဇာတ်၊ ပြဇာတ်အနုပညာ (ဇာတ်သဘင်အနုပညာ)တီထွင် ပေါ်ပေါက်မှုအတွက် အထောက်အကူပြုခဲ့သည်ဟု ယူဆရပါသည်။

အချို့ သုတေသီပညာရှင်အများစုက ဇာတ်၊ ပြဇာတ် အနုပညာ ပေါ်ပေါက်မှုအတွက် အင်းဝခေတ်တွင် နိပါတ်ခင်းကျင်း ပြသရာမှ ပေါ်ပေါက်ခဲ့သည်ဟု ယူဆကြသည်။ သို့ရာတွင် ဇာတ်၊ ပြဇာတ် အနုပညာသည် ၁၅ရာစုနှစ် အင်းဝခေတ်တွင် ရုပ်သေးသဘင်နှင့်အတူတကွ သို့မဟုတ် မရှေးမနှောင်း ပေါ်ပေါက်ခဲ့သည်ဟု စာရေးသူအနေဖြင့် ယူဆမိပေသည်။

ယခင်က ဇာတ်၊ ပြဇာတ်အနုပညာသည် ဒုတိယအင်းဝခေတ်ဟု ခေါ်ဆိုအပ်သော ညောင်ရမ်းခေတ် အလယ်ပိုင်းခန့်တွင် ဝန်ကြီးပဒေသရာဇာ ရေးသားသော “မဏိကက်”ဇာတ်ဖြင့် စတင်ပေါ်ပေါက်ခဲ့သည်ဟု လည်းကောင်း၊ ထိုထက်စော၍ ညောင်ရမ်းခေတ်၌ပင် ညောင်ရမ်းခေတ်ကို တည်ထောင်သော ညောင်ရမ်းမင်းလက်ထက်၌ သမီးတော် ပန်ထွာမင်းသမီး၏ ဆံထုံးထုံး နားထွင်းမင်္ဂလာသဘင်တွင် ဇာတ်ငါးဇာတ် ကပြစေခဲ့သည်ဟူ၍ လည်းကောင်း စာပေနှင့် သမိုင်းအထောက်အထားများရှိခဲ့သည်။

ထို့ပြင် တောင်ငူခေတ် စာဆိုတစ်ဦးဖြစ်သည့် မင်းဧယျရန္တမိတ် ရေးဖွဲ့သော “ပဋ္ဌာစာရီသာချင်း”တွင် “မင်းပရိသတ်၊ ဤသည့်ဇာတ်ကို”ဟု တွေ့ရှိရသည်။

ဤသာချင်းအရ တောင်ငူခေတ်တွင် ဇာတ်ကပြသူနှင့် ဇာတ်ပွဲကြည့်သူများ ရှိနေကြောင်းကို သိရှိနိုင်ပေသည်။ တိုတောင်းလှသော်လည်း ခိုင်လုံသော စာပေအထောက်အထားတစ်ရပ်ဖြစ်၏။

ဇာတ်သဘင်ကဲ့သို့သော အနုပညာရပ်များ တိုးတက်ပြောင်းလဲရေးအတွက် အထိုက်အလျောက် အချိန်ကာလ ကြာမြင့်သည်ဖြစ်၏။ ထို့ကြောင့် ဇာတ်သဘင်သည် အင်းဝခေတ်စောပိုင်း၊ ခေတ်အလယ်ပိုင်းတွင် ရုပ်သေးသဘင်နှင့်အတူ စတင်ပေါ်ပေါက်ခဲ့၍ အင်းဝခေတ်နှောင်းပိုင်းတွင် လူဇာတ်သဘင် ပေါ်ပေါက်ပြီးလျှင် တောင်ငူခေတ်တွင် ဆက်လက်ရှင်သန် တိုးတက်လာခဲ့သည်ဟု ကောက်ချက်ချဖွယ် ရှိပေသည်။

ကုန်းဘောင်ခေတ်တွင်ကား ယဉ်ကျေးမှုအနုပညာဗိမာန်ကြီးအတွင်းဝယ် မြန်မာစာပေနှင့် အနုပညာရပ်များမှာ နေလပမာ ထွန်းလင်းဖြာခဲ့ရာတွင် ဇာတ်သဘင် အနုပညာလည်း အပါအဝင်ဖြစ်ခဲ့လေသည်။

မျက်မှောက်ခေတ်သဘင်ပညာရှင်များက “ဇာတ်” နှင့် “ပြဇာတ်” ဟူသော ဝေါဟာရများရှိရာတွင် ဇာတ်နှင့် ပြဇာတ်တို့၏ တင်ဆက်ကပြပုံများမှာ မတူညီကြဟု ယူဆကြသည်။ ၁၉၃၀ပြည့်နှစ်ခန့်တွင် ရုပ်ရှင်ကိုတုပ၍ ခေတ်ပြဇာတ်တီထွင်ကပြရာမှ ထိုကဲ့သို့ အယူအဆဖြစ်ပေါ်ခဲ့ဟန်တူပေသည်။ သို့သော် ထိုင်းဇာတ်သဘင်တွင် “ခွန်(Khon)”ခေါ် မျက်နှာဖုံးခေါင်းစွပ်ဖြင့် ကပြရသော ဇာတ်သဘင်နှင့် “လာကွန် (Lakon)” ခေါ် မျက်နှာဖုံးခေါင်းစွပ်မပါ သာမန်ဇာတ်သဘင်ဟု ဝေါဟာရနှစ်မျိုး ရှိသော်လည်း တင်ဆက်ကပြမှုမှာ ကွဲပြားခြားနားခြင်း မရှိကြသကဲ့သို့ ရှေးကဇာတ်နှင့် ပြဇာတ်များ၏ တင်ဆက်ကပြပုံမှာလည်း အတူတူပင်ဖြစ်ဖွယ်ရှိ၏။ မော်ဘီဆရာသိန်းကြီးနှင့် ရွှေရိုးအမည်ခံ အင်္ဂလိပ်စာရေးဆရာ George Scott တို့၏ ရေးသားချက်များအရ ဇာတ်မှာ ဘုရားဟော ဇာတ်ဝတ္ထုတော်များအပေါ် အခြေခံ ကပြခြင်းဖြစ်၍ “ပြဇာတ်”မှာ ထိုးဇာတ်၊ လုပ်ဇာတ်များအပေါ် အခြေခံ၍ ကပြခြင်း ဖြစ်သည်ဟု ဖော်ပြပါရှိပေသည်။

ကုန်းဘောင်ခေတ်တွင် မြန်မာ့ကိုယ်ပိုင်အနုပညာဖြစ်သည့် ဇာတ်သဘင်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဇာတ်သဘင်များလည်း ထိုးဖောက် ဝင်ရောက်လာသည်။ အိန္ဒိယနိုင်ငံမှ “သကုန္တလာ” ဇာတ်တော်ကြီး၊ ထိုင်းနိုင်ငံမှ ရာမာယဏ ဇာတ်တော်နှင့် အီနောင်ဇာတ်တော်များလည်း ရောက်ရှိလာသည်။ သို့သော် မြန်မာတို့က အနုပညာများကို အိမ်နီးချင်းနိုင်ငံများမှ တိုက်ရိုက်ပုံတူ ကူးချခြင်းမရှိဘဲ မြန်မာမှုပြု၍ သီဆိုကပြခဲ့ကြခြင်းဖြစ်သည်။ မြန်မာ့ရာမာယဏ ဇာတ်တော်တွင် မြန်မာ့ဇာတ်တင်ဆက်ကပြမှု၊ အဝတ်အစား ဒွါဒရာများ၊ ယိုးဒယားဟု ခေါ်ဝေါ်သော တေးဂီတများ၊ အကများတွင် ထိုင်းအနုပညာ အငွေ့အသက်မှာ အနည်းငယ်မျှသာ တွေ့ရှိနိုင်တော့သည်။

၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အကပြိုင်ပွဲ၏ ရုပ်သေး မဟာဒုက် ဇာတ်တော်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ရောလှိုင်းရုပ်စုံသဘင်အဖွဲ့ ဤသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ (သတင်းစဉ်)

ဇာတ်၊ ပြဇာတ်အနုပညာကို ရန်ကုန်နှင့် မန္တလေး ယဉ်ကျေးမှု တက္ကသိုလ်များတွင် ဇာတ်သဘင်ပညာ (Dramatic Arts)ဟု သတ်မှတ် သုံးနှုန်းထားပေသည်။

ဇာတ်၊ ပြဇာတ်၊ ရုပ်ရှင်နှင့် ဗီဒီယိုပညာရှင်များသည် ဇာတ်၊ ပြဇာတ် ပညာရှင်များ ဖြစ်ကြသည်။ ဇာတ်၊ ပြဇာတ်ပညာကို “အသုံးပြုမှု (Medium)” သာလျှင် ကွဲပြားပေမည်။ ဥပမာ ဇာတ်၊ ပြဇာတ်ပညာကို ဇာတ်ခုံပေါ်တွင် သရုပ်ဖော်ပြသ (ကပြ)၍ လည်းကောင်း၊ ဗီဒီယိုတိပ်ခွေ အဝိုင်းပြားများဖြင့် ရိုက်ကူးမှတ်တမ်းတင်၍ လည်းကောင်း၊ ရုပ်ရှင်ဖလင် ကော်ပြားဖြင့် ရိုက်ကူး၍ လည်းကောင်း အများပြည်သူသို့ တင်ပြဖျော်ဖြေကြခြင်း ဖြစ်သည်။ ဇာတ်၊ ပြဇာတ်၊ ရုပ်ရှင်သရုပ်ဆောင်မှုပညာမှာ အခြေခံအားဖြင့် အတူတူပင်ဖြစ်၍ “အထာ”သာ မတူကြခြင်းဖြစ်၏။ ခေတ်ပြဇာတ်နှင့် ရုပ်ရှင် ဗီဒီယိုပညာရှင်များက လွမ်းခန်းကို သဘာဝခေတ်၊ အပြောခေတ် ကိုယ်နှုတ်အမူအရာများ၊ ခေတ်ဂီတများဖြင့် ကြိုးစားဖော်ဆောင်ကြမည်ဖြစ်၏။ ဇာတ်မင်းသား၊ မင်းသမီးများကမူ ငိုချင်းများဆို၍လည်းကောင်း၊ ရင်ထု မျက်ရည်သုတ် တရှိုက်ရှိုက်ငို၍လည်းကောင်း သရုပ်ဖော်ကြမည်ဖြစ်၏။ သို့သော် ယင်းပညာရှင်များအားလုံးက ကိုယ့်အထာနှင့်ကိုယ် သရုပ်ဆောင်နေကြခြင်း (Acting) လုပ်ကြခြင်းဖြစ်သည်။ အချို့နိုင်ငံကြီးများတွင် ဇာတ်၊ ပြဇာတ် ပညာရှင်များသည် ယနေ့ရုပ်ရှင်ရိုက် နောက်တစ်နေ့ ဇာတ်ခုံပေါ်တွင် သရုပ်ဆောင် ကပြကြသည်။ အချို့ပညာရှင်များက သဘာဝပြဇာတ် (Realism Play)ကို ဦးစားပေး တင်ဆက်ကပြကြ၍ အချို့ပညာရှင်များကမူ တေးဂီတပြဇာတ် (Musical Play)ကို ကပြလိုကြသည်။

ကမ္ဘာ့မှုတွင် ဂီတမပါ သဘာဝပြဇာတ်(Straight Play)၊ တေးဂီတပြဇာတ် (Musical Play)၊ အကပြဇာတ်(ကဇာတ်) (Dance Drama)၊ ဘဲလေး (Ballet)၊ တေးသီချင်းပြဇာတ် (Opera) ထွန်းကားလေသည်။

ဘဲလေးသည် ကဇာတ်တစ်ခုဖြစ်သော်လည်း တစ်သီးတခြား ပညာရပ်ဖြစ်၏။ ပညာရှင်တစ်ဦးတည်းက မျက်နှာကိုယ်ဟန် အမူအရာဖြင့် သရုပ်ဖော်ပြသမှု တစ်ခုမှာ “ပင်တိုမိုင်(Pantomine)”ပင် ဖြစ်၏။

၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှစတင်၍ ဇာတ်သဘင်ဆိုင်ရာ ပြိုင်ပွဲများတွင် ကွက်စိပ်ပြိုင်ပွဲ၊ ရုပ်သေးအဖွဲ့လိုက် ဇာတ်တော်ပြိုင်ပွဲ၊ ဇာတ်ကြီးပြိုင်ပွဲနှင့် ပြဇာတ်ပြိုင်ပွဲများကို စုံလင်စွာ ကျင်းပနိုင်ခဲ့လေသည်။

ဇာတ်၊ ပြဇာတ်၊ ရုပ်ရှင် သရုပ်ဆောင်မှုပညာမှာ အခြေခံအားဖြင့် အတူတူပင်ဖြစ်၍ “အထာ”သာ မတူကြခြင်းဖြစ်၏။ ခေတ်ပြဇာတ်နှင့် ရုပ်ရှင် ဗီဒီယိုပညာရှင်များက လွမ်းခန်းကို သဘာဝခေတ်၊ အပြောခေတ် ကိုယ်နှုတ်အမူအရာများ၊ ခေတ်ဂီတများဖြင့် ကြိုးစားဖော်ဆောင်ကြမည် ဖြစ်၏။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်” ပြဇာတ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းကိုယ်စားပြု ဆန်းကိုနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ယခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ကွက်စိပ်ပြိုင်ပွဲအတွက် ရာဟုလာ အမွေတောင်းခန်း၊ ရုပ်သေးအဖွဲ့လိုက် ဇာတ်တော်ပြိုင်ပွဲအတွက် ဗုဒ္ဓဝင်တောထွက်ခန်း၊ ဇာတ်တော်ကြီး ပြိုင်ပွဲအတွက် ဘူရိဒတ်နှင့် ပြဇာတ်ပြိုင်ပွဲအတွက် “လူငယ်အားမာန် မိုးယံဆီသို့” ဇာတ်လမ်းရည်ရွယ်ချက်ခေါင်းစဉ် (Theme) များကို သတ်မှတ်ထားပေသည်။ ဇာတ်စာရေးဆရာ ဇာတ်ညွှန်းရေးဆရာ (Dramatists) များ၊ Play-wright များ၊ ဇာတ်သရုပ်ဆောင်များ၊ ရုပ်သေးပညာရှင်များနှင့် ကွက်စိပ်ဆရာများက အထက်ပါ ဇာတ်ဝတ္ထုတော်များနှင့် ရည်ရွယ်ချက်များကို ထိမိပီပြင်စွာ ဇာတ်သဘောအရ ဖော်ဆောင်(Dramatise) ကြမည်ဖြစ်ရာ ထိုက်တန်သော ဆုတံဆိပ်များကို မကြာမီ ဆွတ်ခူးရရှိကြမည် ဖြစ်ပေသည်။ ။



* *ကျောဖုံးမှ*

အကပြိုင်ပွဲကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိချိန်တွင် ဝါသနာရှင်(ပထမတန်း) (အမျိုးသား) ပြိုင်ပွဲ ကျင်းပနေသည်။ စင်မြင့်ထက်တွင် ကကြိုးကကွက် အစုံအလင်ဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်ကပြနေသူတစ်ဦးကို တွေ့ရသည်။ အသေအချာကြည့်လိုက်ရာ မွန်ပြည်နယ်မှ မောင်ဆန်းမင်းအောင်ဖြစ်သည်။ အသံကောင်းမွန်မှု၊ ဇာတ်မင်းသားဟန်အပြည့် သီဆိုကပြနိုင်မှုများကြောင့် ပရိသတ်

အချိန်ရသမျှ လေ့ကျင့်ခဲ့

"လေ့ကျင့်ခဲ့တာကတော့ နေ့တိုင်းအချိန်ရသမျှပါပဲ၊ ဆုတံဆိပ်အမြင့်ဆုံးကို လိုချင်ပါတယ်"

မကံ့ကော်
အကဝါသနာရှင်
(စစ်ကိုင်းတိုင်း)

များက လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် အားပေးလျက်ရှိသည်ကို တွေ့ရသည်။

နှစ်စဉ်မပျက်

အက ယှဉ်ပြိုင်ရန် အလှည့်ကျစောင့်ဆိုင်းနေသူတစ်ဦးကို မေးမြန်းရာ မန္တလေးတိုင်းမှ ပြိုင်ပွဲဝင်မည့် ယဉ်ကျေးမှု တင်မောင်ထွန်း ဖြစ်နေသည်။ ပြိုင်ပွဲအကြိမ်အတော်များများကို နှစ်စဉ်မပျက် ဆင်နွဲနေသူ အက ဝါသနာရှင်တစ်ဦးလည်း ဖြစ်သည်။

ပိုကြိုးစား

"ကျွန်တော်က ၂၀၀၀ပြည့်နှစ် ပြိုင်ပွဲတုန်းက ကြေးတံဆိပ်၊ ၂၀၀၁ခုနှစ်ကလည်း ကြေးတံဆိပ်နဲ့ ၁၉၉၈ခုနှစ်ကလည်း ကြေးတံဆိပ်တွေ ရရှိခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးရဲ့ တတိယအကြိမ်မြောက်က စပြီး ပါဝင်ယှဉ်ပြိုင်ခဲ့တာမို့ နောက်နှစ်တွေလည်း ဆက်လက် ယှဉ်ပြိုင် သွားဦးမှာပါ။ ကျွန်တော်က မြန်မာ့အကကို မြတ်နိုးတဲ့ လူတစ်ဦးဖြစ်ပါတယ်။ ဒီနှစ်က အရင်နှစ်တွေကထက် ပိုကြိုးစားရမှာပါ" ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

စတုတ္ထအကြိမ်

တစ်ဖန် အကဝါသနာရှင် (ပထမတန်း) (မ)ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ပြီး စင်မြင့်ပေါ်မှ ဆင်းလာသူကို ဆက်လက်မေးမြန်းရာ "စစ်ကိုင်းတိုင်းကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပြီး အမည်က မကံ့ကော် ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်တာ စတုတ္ထအကြိမ်ရှိပြီဖြစ်လို့ ပြိုင်ပွဲ အတွေ့အကြုံတော့ ရှိနေပါတယ်။ ဒါပေမယ့် ဝါသနာရှင်(ပထမတန်း) ပြိုင်ပွဲကိုတော့ ဒီနှစ်မှ ဝင်ပြိုင်ဖြစ်တာပါ။ လေ့ကျင့်ခဲ့တာကတော့ နေ့တိုင်း အချိန်ရသမျှပါပဲ၊ အဲဒီလို လေ့ကျင့်ခဲ့တော့ ဆုတံဆိပ် အမြင့်ဆုံးကို လိုချင်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

အရင်နှစ်ထက် ပိုကြိုးစား

"ဒီနှစ်မှာ အရင်နှစ်တွေကထက် ပိုပြီး ကြိုးစားရမှာပါ"

ဦးတင်မောင်ထွန်း
အကဝါသနာရှင်
(မန္တလေးတိုင်း)

စင်မြင့်ပေါ်၌ တတ်စွမ်းသမျှ ကကွက်များကို တီးလုံးတီးကွက်၊ စည်းချက်ကျနစွာ ကပြ ယှဉ်ပြိုင်နေသော ပြိုင်ပွဲဝင်တစ်ဦးကို ကြည့်ကာ ပြိုင်ပွဲကျင်းပရာ နောက်တစ်နေရာသို့ ဆက်လက်ထွက်ခွာခဲ့သည်။

ပညာရှင် ဖြစ်ချင်

"တစ်ချိန်မှာ စန္ဒရားပညာရှင်ကြီး ဖြစ်ချင်တာမို့ အခုကတည်းက အစွမ်းကုန် ကြိုးစား နေပါတယ်"

မသီသီဇင်
စန္ဒရား
အဆင့်မြင့်
(ရှမ်းပြည်နယ်)

စန္ဒရားအတီးပြိုင်ပွဲကျင်းပရာ သစ်တောသုတေသနဌာန(စုဝေးခန်းမသို့) ရောက်ရှိချိန်၌ ခန်းမအပြင်ဘက်တွင် စန္ဒရား အတီးလေ့ကျင့်နေသူများကို နေရာအနှံ့အပြား တွေ့ရသည်။ စန္ဒရားလေ့ကျင့်နေသူတစ်ဦးအား အသာရပ်ပြီး လေ့လာကြည့်ရာ သံစဉ်တေးသွားကို ညက်ညောစွာ တီးခတ်နိုင်သူအဖြစ် နားဆင်ရသည်။ လေ့ကျင့်မှုရပ်သည်နှင့် မေးမြန်းကြည့်ရာ "ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးမြင့် ဖြစ်ပါတယ်။ အဆင့်မြင့်တန်းမှာတော့ ပထမဆုံးအကြိမ် ဝင်ပြိုင်တာပါ။ ဆရာဦးခင်မောင်ညွန့်က စနစ်တကျ လေ့ကျင့်ပေးထားပါတယ်။ စန္ဒရားတီးတာကို ဝါသနာပါတော့ နောက်နှစ်တွေလည်း ဆက်တိုက်ယှဉ်ပြိုင်သွားမှာပါ။ ဒီနှစ်လည်း စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်မယ်လို့ ယုံကြည်ထားပါတယ်" ဟုသတင်းအဖွဲ့သို့ ပြောကြားသည်။

အစွမ်းကုန်ကြိုးစား

ဆက်လက်ပြီး စန္ဒရားအတီး လေ့ကျင့်နေသူတစ်ဦးဖြစ်သည့် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်ဖြစ်သူ မသီသီဇင်ကလည်း "ဒီနှစ်နဲ့ဆိုရင် နှစ်ကြိမ်ရှိပါပြီ။ မနှစ်က အဆင့်မြင့်တန်း(အမျိုးသမီး)ပြိုင်ပွဲမှာ ငွေတံဆိပ်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီနှစ်တော့ ဆရာဇေယျာထွန်းက လေ့ကျင့်ပေးထားတဲ့အပြင် အချိန်ရသမျှ အမြဲလေ့ကျင့်နေခဲ့တာမို့ အသင့်ဖြစ်နေပါပြီ။ သမီးက တစ်ချိန်မှာ စန္ဒရားပညာရှင်ကြီး ဖြစ်ချင်တာမို့ အခုကတည်းက အစွမ်းကုန်ကြိုးစားနေခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြိုင်ပွဲဝင်ခန်းမအတွင်း စင်မြင့်၌ ပဲခူးတိုင်းမှ ပြိုင်ပွဲဝင် မောင်ရန်အောင်ဖလက စန္ဒရားအတီး လက်စွမ်းပြတီးခတ်နေသည်ကို တွေ့ရသည်။ ငြိမ့်ညောင်းသော စန္ဒရားတီးသံမှာ နားဝင်ပီတိဖြစ်စရာ ကောင်းသည်။ ညက်ညောသောတီးလုံး၊ တီးကွက်သံစဉ်များက ပင့်သက် မရှူပံ့အောင် နားဝင်ပီယံ ဖြစ်လှသည်။

ပါရမီရှင်

ထို့နောက် သတင်းအဖွဲ့သည် စောင်းအတီးပြိုင်ပွဲ ကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်(စာသင်ခန်းမ)သို့ ရောက်ရှိခဲ့ပြန်သည်။ ပြိုင်ပွဲကျင်းပရာ ခန်းမအတွင်း အကဲဖြတ်ဒိုင်လူကြီးများ၊ အားပေးသည့် ပရိသတ်များနှင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။ စင်မြင့်ထက်၌ ပြိုင်ပွဲဝင်သူတစ်ဦးကို ကြည့်လိုက်ရာ ဧရာဝတီတိုင်းမှ အခြေခံ (၅-၁၀)(အမျိုးသား) ပြိုင်ပွဲဝင် မောင်ကြည်ဝင်း ယှဉ်ပြိုင်နေသည်ကို တွေ့ရသည်။ စောင်းကို ပိုင်နိုင်စွာ ရင်ဝယ်ပိုက်ပြီး တီးလုံး၊ တီးကွက် မှန်ကန်စွာ တီးခတ်နေပုံမှာတကယ့်ဝါရင့်စောင်းဆရာကြီးတစ်ဦးကဲ့သို့ မြင်ရသည်။ ပါရမီရှင်လူငယ်တစ်ဦးပင်ဖြစ်သည်။ ပရိသတ်များကား မောင်ကြည်ဝင်း၏ စောင်းလက်သံ၌ နစ်မြောလျက်ရှိနေသည်။

ဖုံးလွှမ်း

ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ စတင်ယှဉ်ပြိုင်နေကြပြီဖြစ်ရာ နေပြည်တော် ရေဆင်း တက္ကသိုလ်များနယ်မြေတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု တူရိယာသံများနှင့် ဖုံးလွှမ်းကာ စည်ကားသိုက်မြိုက်လျက် ရှိနေပါကြောင်း။ ။ **(မြန်မာ့အလင်း)**

အဆင့်မြင့်(အမျိုးသား)စန္ဒရားအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မောင်ရန်အောင်ဖလ ယှဉ်ပြိုင်နေစဉ်။

နေပြည်တော်ရေဆင်း တက္ကသိုလ်များနယ်မြေတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကနှင့် တူရိယာတီးမှုတ်သံများဖြင့် ဖုံးလွှမ်းလျက်ရှိနေပြီး ပြိုင်ပွဲဝင်များ၏ အားမာန်အပြည့်ဖြင့် ပြိုင်ပွဲဝင်ဟန်များမှာ အားပေးသူပရိသတ်များ၏ ဘဝင်နှလုံးကို သိမ်းကျုံးဆွဲငင် ဖမ်းစားနိုင်လျက်ရှိသည်။

ကြည်နူးဖွယ်ရှခင်း

- ချစ်မေမေက စည်းဝါးကိုင် 'မမ'တေးသံလျှိုင်။
- ထိုင်မသိမ်းနဲ့ ညီမလေး ကကွက်ငြိမ့်ငြိမ့်အေး။
- တေးရေးဆရာ 'ကိုကို'ပါ သီချင်းငြိမ့်ညောင်းတာ။
- သံသာတေးလှအဆိုရ ဖေဖေပထမ။
- တယောထိုးတဲ့မောင်လေးရယ် နားထောင်ကောင်းလှတယ်။
- ကြည်နူးဖွယ်ရှုခင်း ပျော်ရခြင်း ကျွန်မတို့အိမ်တွင်း။ ကျွန်မတို့ပြည်တွင်း။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

မေသက်နွယ်ဦး (ဆေးဝါးတက္ကသိုလ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၁၀-၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပုါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ တေးဂီတအစီအစဉ်
၇:၅၀ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၅ ၈။ **ဟွန်းသံ** ဇာရာနှင့်အဖွဲ့ (ဒါရိုက်တာ-သက်တင်)
၈:၂၀ ၉။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ အတီးပြိုင်ပွဲ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၃၀ ၄။ ကြေးမုံရိပ်သွင်တေးနယ်ပ
၄:၄၀ ၅။ **ဖွားချစ်က တားမြစ်ထားသည်**
ဦးချစ်ပြုံး၊ ဝေဖြိုး၊ ကိုထက်ပိုင်၊ ဥမ်းပုံကြီး၊ နွေးနွေး၊ ဖိုးသောကြာ၊ မကြူ (ဒါရိုက်တာ-အာယု)
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၅ ၈။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၅:၄၀ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၄၀ ၁၂။ တေးဂီတအစီအစဉ်
၆:၅၀ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၁၈)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၃၈)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

လားရှိုး အောက်တိုဘာ ၁၆

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့် ဦးဆောင်၍ ဦးစောတီနေထူး(လက်ထောက်အင်ဂျင်နီယာ)၊ ဦးစံယွန်း(စက်မှုကျွမ်းကျင်-၂)၊ ဦးဝင်းနိုင်(ဒုတိယဦးစီးမှူး)၊ ဦးမြင့်ဦး(စာရင်းကိုင်-၂)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးငွေစိုး(ဦးစီးအရာရှိ)၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲအုပ်နေလင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဦးခင်မောင်ဆွေတို့နှင့်အတူ အောက်တိုဘာ၁၅ရက်က လားရှိုးမြို့ မန်ဆူအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ လားရှိုးမှ မန္တလေးသို့ ပြေးဆွဲမည့် ငြိမ်းချမ်း၊ ရှမ်းတောင်တန်း၊ ရဲမာန်အောင်၊ ကွတ်ခိုင်မန်း မော်တော်ယာဉ်အသင်းများအားလည်းကောင်း၊ အောက်တိုဘာ၁၂ရက် နံနက် ၁၀နာရီခွဲတွင် လားရှိုးမှ နမ္မတူသို့ ပြေးဆွဲမည့် ငွေရတနာမန်း၊ ဆန်းလိုက်မော်တော်ယာဉ် အသင်းများအားလည်းကောင်း၊ မော်တော်ယာဉ် ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ/မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းရေးနှင့်စပ်လျဉ်း၍ ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မင်းကင်းမြို့နယ်၏ ကပ်တုံးဆောင်ရွက်မှုစစ်ဆေး

မင်းကင်း အောက်တိုဘာ ၁၆

မင်းကင်းမြို့နယ်၌ မြို့တော်လမ်းတစ်လျှောက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်သူ၊ စည်ပင်ပူးပေါင်းဆောင်ရွက်သော ကပ်တုံး ၂၀၀ စုဆောင်းဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၃ ဦးအောင်နိုင်စိုးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာမျက်နှာ ၆ မှ

ထို့နောက် မွန်းလွဲပိုင်းတွင် အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာ အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲကို ဆက်လက် ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်သုဝေနိုင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဝေယံချိုအဖွဲ့၊ မန္တလေးတိုင်းမှ မောင်မျိုးသူအဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ဝင်းထက်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်ဖြိုးကိုကိုအဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၁၅နှစ်မှ၂၀) (အမျိုးသား) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် ပြိုင်ပွဲတို့ကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပသည်။

ထိုသို့ ပြိုင်ပွဲကျင်းပရာ နံနက်ပိုင်းတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဟိန်း(ခေါ်)မျိုးဇော်အောင်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်လှိုင်ဝမ်းတူးအဖွဲ့နှင့်မန္တလေးတိုင်းမှ မောင်အောင်ဖိုလ်မင်းအဖွဲ့တို့ ပါဝင်တီးခတ် ယှဉ်ပြိုင်ကြသည်။

တီးခတ်ယှဉ်ပြိုင်

အလားတူ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅နှစ်မှ၂၀) (အမျိုးသား)ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်ဖိုလ်ထူးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဖိုလ်ရှိုင်းကျော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှမောင်ရဲရင့်နောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခေါ်)ဖိုးလပြည့်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ကျော်သက်(ခေါ်)မောင်တင်ဇော်နှင့်အဖွဲ့တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

အကဲဖြတ်

အဆိုပါ ဆိုင်းဝိုင်းကြီး(အဖွဲ့လိုက်) ပြိုင်ပွဲတွင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အဖွဲ့ဝင်များက ကြီးကြပ်ကြပြီး ဆိုင်းအတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင်ဦးစိန်စတင်နှင့်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲစတင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၆

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲများကို ယနေ့ ညနေ ၆နာရီခွဲတွင် နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မန္တလေးတိုင်း ကိုယ်စားပြု ကြီးကြပ် စီစဉ်ညွှန်ကြားသူ မြို့တော် မောင်ယဉ်အောင်၊ ဇာတ်ညွှန်း ဒါရိုက်တာ ချစ်စရာ(မန္တလေး)၊ ဂီတမှူး အကယ်ဒမီ စိန်မွှတ္တားနှင့် ခေါင်းဆောင်မင်းသား ဦးမင်းမင်းဦးတို့ ဦးစီးသောအဖွဲ့က **‘လူငယ်အားမာန် မိုးယံဆီသို့’** ခေါင်းစဉ်ဖြင့် ပြဇာတ်ကို စတင်ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါ ပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြိုင်ပွဲကျင်းပရေး ဗဟိုဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ပြဇာတ်ပြိုင်ပွဲတွင် ‘လူငယ်အားမာန် မိုးယံဆီသို့’ ခေါင်းစဉ်ဖြင့် မန္တလေးတိုင်း ကိုယ်စားပြု ပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့ ရေပေးရေး လုပ်ငန်းဆောင်ရွက်

မိတ္ထီလာ အောက်တိုဘာ ၁၆

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် မိတ္ထီလာကန်၊ မဟာစည်တိုးချဲ့မြို့ရေပေးရေးစီမံကိန်း၊ အိမ်သွယ်ရေတိုင်များ၊ အများသုံးရေလှောင်ကန်များဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့ရေပေးရေးစနစ် တကျနှင့် အလေအလွင့်မရှိစေရေးအတွက် ရေမီတာများ တပ်ဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၉ရက်က အငယ်တန်း အင်ဂျင်နီယာ (၂) ဦးဝေါတာမျိုးထင်မြင့်နှင့် အဖွဲ့ဆောင်ရွက်လျက်ရှိရာသို့ အမှုဆောင်အရာရှိက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗီယက်နမ်က မြန်မာကိုအနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၀၈ခုနှစ် အကြိမ်(၄၀)မြောက် မာဒေးကား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ဒေသစံတော်ချိန် ၆နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည်။

အနိုင်ရရှိ

ပြိုင်ပွဲတွင် (ခ)အုပ်စုမှ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဗီယက်နမ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အောက်တိုဘာ ၁၈ရက်တွင် မြန်မာအသင်းနှင့်ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၀)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ နှစ်ပတ်လည်ညီလာခံနှင့်ဆေးနှင့်ဆေးပစ္စည်းပြပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့၏ (၁၀)ကြိမ်မြောက် ဗဟိုညီလာခံကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်) အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းညီလာခံ၌ ပါမောက္ခကြီးများ၊ ဆရာဝန်ကြီးများက စာတမ်းများတင်သွင်းကြမည်ဖြစ်ရာ အထွေထွေ ရောဂါကုဆရာဝန်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

ညီလာခံတွင် ဆေးကုမ္ပဏီများမှဆေးနှင့်ဆေးပစ္စည်းပြခန်းများလည်းဖွင့်လှစ်ပြသသွားမည်ဖြစ်သဖြင့် ပါဝင်ခင်းကျင်းပြသလိုက ဥက္ကဋ္ဌ ဒေါက်တာကြည်ဖေ (အရိုးကု) ဖုန်း-၀၄၂-၂၄၂၈၂၊ အတွင်းရေးမှူး ဒေါက်တာ စစ်တင် (ထွေ/ကု) ဖုန်း-၀၄၂-၂၄၄၂၅၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မင်းဆောင် (ထွေ/ကု) ဖုန်း-၀၄၂-၂၄၂၉၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကနီမြို့ သာယာလှပရေးဆောင်ရွက်

ကနီ အောက်တိုဘာ ၁၆

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အဝင်သာယာလှပရေးအတွက် ပန်းအလှပင်များနှင့် သန့်ရှင်းရေးလုပ်ငန်းများအား စက်တင်ဘာ၂၆ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်လွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဆိုင်တို့ ကြီးကြပ် ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာစာအုပ်ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၁၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော **သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ** စာအုပ်ကို ၂၀၀၈ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေလိုက်သည်။

စုစည်းတင်ပြ

ထိုစာအုပ်တွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်များ၊ ပထဝီဆိုင်ရာ အချက်အလက်များ၊ ပြည်နယ်နှင့် တိုင်းအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများ၊ တပ်မတော်ဆိုင်ရာနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ ဘာသာရေးနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ NGO အဖွဲ့အစည်းများဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အကျယ်အဝန်း၊ ထုထည်၊ အလေးချိန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဗဟုသုတစုံလင်အောင် စုစည်းဖော်ပြထားသည်။

ဤစာအုပ်သည် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲ ဖြေဆိုကြမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတို့အတွက် မသိမဖြစ် သိရမည့် အချက်အလက်များကို စုစည်းဖော်ပြထားသဖြင့် အိမ်တိုင်းလူတိုင်းက လက်ကိုင်ပြုရမည့် စာအုပ်ဖြစ်ပါသည်။

ဝယ်ယူနိုင်

ဤစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်အုပ်လျှင် ကျပ်၁၂၀၀ဖြင့် ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

အနုပညာကဏ္ဍ ဝေဝေဆာဆာဖြင့် The Live News ဂျာနယ် ထုတ်ဝေဖြန့်ချီ

ရန်ကုန် အောက်တိုဘာ ၁၆

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၀၂)တွင် မြင်းမူ မောင်နိုင်မိုး၏ သူတော်ကောင်းစကား (၂)၊အေးရိပ်၊နီမင်းဆွေ၏ဆို့အ နားမကြား ဘာသာစကား၊ ကိုကိုလှိုင်၏ အာဖဂန်နစ္စတန်၌ နေတိုးတပ်အင်အားတိုးမြှင့်မည်၊ ဦးကို၏ လမ်းပေါ်ကအတွေးများ(၂၁)-ခေါင်းတပ်မရသူများ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သမိုင်းတင် အဝိုင်းကြီးများ(Roundabout)(၃)၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ဗီယက်နမ်နိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးဘဝ အလှည့်အပြောင်းများအပိုင်း(၂)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၅)၊ အာရှမိုး၏ အမေရိကန်ငွေကြေး အကျပ်အတည်းဂယက်နှင့် လှုပ်ခတ်သွားသော ဥရောပ-အာရှ၊ မောင်နေလင်း၏ တက္ကစီမင်းနှင့် ဘောဘီလေး၊ စိုးစံ၏ ဘဝထဲက ရယ်စရာလေးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲကျင်းပ၊ ပူတင်ဆီမှာ ဂျူဒိုသင်ကြမလား၊ အမေရိကန်ကို အကူအညီပေးဖို့ သဘောထားချင်း မကိုက်ဖြစ်နေကြတဲ့ ပြင်သစ်နဲ့ဂျာမနီ၊ ဆိုမာလီ ကမ်းလွန်မှ ပင်လယ်ဓားပြများက ပြန်ပေးဆွဲထားသောသင်္ဘောကို ဖောက်ခွဲပစ်မည်ဟု ခြိမ်းခြောက်၊ မတ်လမှာ မလေးရှားဝန်ကြီးချုပ်ဖြစ်လာမယ့် နာဂျစ်၊ သန်းကြွယ်သူဌေးများ မြန်ဆန်စွာ တိုးပွားလာတဲ့ အာရှ-ပစိဖိတ်ဒေသ၊ မျက်ဝန်းရိပ်အပိုင်း (၁၉၊၂၀)၊ ပင်လယ်ပျော်မင်းသားအပိုင်း (၃၉၊၄၀)၊လေကြောင်းမြို့တော်အပိုင်း(၅၊၆) စသည့် သတင်း၊ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ်စနေနေ့တိုင်းဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃ စောင်- ကျပ် ၅၈၅၀၊ ခြောက်လ-၂၆စောင်-ကျပ်၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် Market Care(Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃-၀၉-၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဓားဖြင့်ထိုး၍ လက်ကိုင်အိတ်လုယူသွားသူအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် နဝဒေးလမ်း တိုက်အမှတ် ၂၅ (အေ/ဘီ) အတက်လှေကား၌ အမျိုးသမီးတစ်ဦးအား ဓားဖြင့်ထိုးပြီး စလင်းဘက်အိတ် လုယူသွားသူကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်တိုဘာ ၁၁ရက်တွင် သက်သေခံပစ္စည်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် နဝဒေးလမ်း တိုက်အမှတ် ၂၅(အေ/ဘီ)၊ သုံးလွှာနှင့်လေးလွှာ လှေကားကြားတွင် အမျိုးသမီးတစ်ဦးအား ဓားဖြင့်ထိုး၍ စလင်းဘက်အိတ်လုယူသွားသော အမှုဖြစ်ပွားခဲ့သည်။ ဓားဖြင့်အထိုးခံရသူမှာ မပြည့်ဖြိုးခိုင် (၂၃)နှစ်ဖြစ်ပြီး ခြောက်လွှာ၊ အခန်း(ဘီ)သို့ ကျူရှင်လာပြသူဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိ

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် ဒဂုံရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ ကျော်ဒန်းနိုး(ခ)ဇော်ရဲမျိုး (၂၉) နှစ် ၂၂/ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေသူအား အောက်တိုဘာ၁၁ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

ကျော်ဒန်းနိုး(ခ)ဇော်ရဲမျိုးသည် ကျော်ဒန်းနိုးဖိနပ်များကိုသာ ရွေးချယ်ခိုးယူသူဖြစ်ပြီး ထောင်(၁၃)လကျခံရကာ ဧပြီလတွင် ထောင်မှပြန်လွတ်လာသူဖြစ်ကြောင်း၊ အခင်းဖြစ်နေ့က ဖိနပ်ခိုးရန် တိုက်ခန်း ခြောက်လွှာထိ တက်ရောက်ခဲ့သော်လည်း ခိုးရန်ဖိနပ်မတွေ့၍ ပြန်ဆင်းလာစဉ်သုံးလွှာနှင့်လေးလွှာကြား အရောက်၌ အမျိုးသမီးငယ်တစ်ဦးတက်လာသည်ကိုတွေ့ရှိသဖြင့် အသင့်ပါလာသည့် ခေါက်ဓားဖြင့်ထိုးပြီး စလင်းဘက်အိတ်ကို လုယူထွက်ပြေးခဲ့ကြောင်း၊ ဓားမှာ လှေကားတွင် ကျန်ရစ်ခဲ့ပြီး စလင်းဘက်အိတ်ထဲရှိ ငွေကျပ်တစ်ထောင်ကိုယူကာ စလင်းဘက်အိတ်အား အိမ်တော်ရာဘုရားဝင်းအတွင်း လွှင့်ပစ်ခဲ့ကြောင်း ထွက်ဆိုသဖြင့် သွားရောက်သိမ်းဆည်းရာ စာစီစာကုံးစာအုပ်၊ မှတ်ပုံတင်ကတ်ပြားနှင့် စလင်းဘက်အိတ်တို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

အရေးယူစစ်ဆေး

ပြစ်မှုကျူးလွန်သူ ကျော်ဒန်းနိုး(ခ)ဇော်ရဲမျိုးအား ဒဂုံရဲစခန်းမှ (ပ)၁၅၃/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆/၃၈၂ ဖြင့် အရေးယူစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယင်လုံဆန်ခါဖြင့် ရောင်းချမှု စစ်ဆေး

ကျောင်းကုန်း အောက်တိုဘာ ၁၆

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးအရာရှိ ဒေါ်ငွေငွေဝင်းက မြို့မဈေးကြီးအတွင်း စားသောက်ဆိုင်များတွင် ယင်လုံဆန်ခါဖြင့် ရောင်းချခြင်းအတွက် ကြီးကြပ်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအေးသိန်းက ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး မအူပင်မြို့နယ်တွင် ကွင်းဆင်းဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၆

မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ မအူပင်မြို့နယ် ဦးစီးမှူး ဦးထိန်လင်းနှင့်အဖွဲ့သည် မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများဖြစ်ကြသော အိမ်ယာကြီး၊ သာယာကုန်း၊ လက်ပံကုန်း၊ သိုက်ကုန်း၊ ကျုံဝါးနှင့် အောင်ဘုံကျေးရွာအုပ်စုများရှိ ကျေးရွာများသို့ အောက်တိုဘာ ၄ရက်မှ ၁၀ရက်အထိ အဖွဲ့နှစ်ဖွဲ့ခွဲ၍ သွားရောက်ပြီး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်၊စာပေ၏ အကျိုးကျေးဇူးအကြောင်း ဟောပြောပွဲများဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာကျေးရွာ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာကြည့်တိုက်မှတ်ပုံတင်ပြုလုပ်ရေးနှင့် စာကြည့်တိုက်ပိုင် မြေနေရာရရှိရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝဏ် သွေးညှိ သွေးဆေး

0510YR 001350

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ

ဦးသာခင် ၏ သွက်ချာပါဒဆေးခန်းဆေးကျော် (ဆေးရုံ)

KMD Computer Centre

:: i-Office :: i-Office2007 :: Graphic Design :: Desktop Publishing
:: Practical A+ :: LCCI Computerised Accounting
:: Basic Software Engineering :: AutoCAD2007 :: AutoCAD 3D

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲများ ဆက်လက်ယှဉ်ပြိုင် အင်္ဂလန်နှင့်စပိန်အသင်းတို့ လေးပွဲဆက်တိုက် နိုင်ပွဲရ

လန်ဒန် အောက်တိုဘာ ၁၆

၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်အုပ်စု ခြေစစ်ပွဲများကို အောက်တိုဘာ ၁၅ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်၊ စပိန်၊ ဂျာမနီနှင့် အီတလီတို့ အနိုင်ရရှိခဲ့ကြသည်။

အုပ်စု(၁)

အုပ်စု(၁)တွင် ဟန်ဂေရီအသင်းက မော်လ်တာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့၍ လေးပွဲကစားပြီး အုပ်စုဒုတိယနေရာတွင် ရမှတ်ခုနစ်မှတ်ရရှိကာ ရပ်တည်လျက်ရှိသည်။ ယင်းအုပ်စုတွင် ဒိန်းမတ်က သုံးပွဲကစားပြီး ရမှတ်ခုနစ်မှတ်ဖြင့်ပင် အုပ်စု ပထမနေရာတွင် ရှိနေသည်။ ထို့နေ့က အုပ်စု(၁)မှ ပေါ်တူဂီအသင်းနှင့် အယ်လ်ဘေးနီးယားအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

အုပ်စု(၂)

အုပ်စု(၂)တွင် ဆွစ်ဇာလန်အသင်းက ဂရိအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သို့ရာတွင် ဂရိအသင်းက ယင်းအုပ်စု၌ လေးပွဲကစား ရမှတ်ကိုးမှတ်ဖြင့် အမှတ်ပေးဇယားထိပ်၌ ရှိနေသည်။ ထို့နေ့က ယင်းအုပ်စုမှ အစ္စရေးနှင့် လတ်ဗီးယားတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

အုပ်စု(၃)

အုပ်စု(၃)တွင် မြောက်အိုင်ယာလန်က ဆန်မာရီနိုအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ထို့အတူ ဆလိုဗားကီးယားက ပိုလန်အား နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ရယူလိုက်သည်။

အုပ်စု(၄)

အုပ်စု(၄)တွင် ဂျာမနီက ဝေလကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်လာသည်။ ဂျာမနီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ထရိုချောစကီးက ပွဲချိန် ၇၈မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့နေ့က ဝေလအသင်းမှ ဘယ်လာမီ အကောင်းဆုံး ခြေစွမ်းပြကစားခဲ့သော်လည်း ဂျာမနီခံစစ်မှူးများကို ကျော်ဖြတ်နိုင်ခြင်းမရှိ၍ ဝေလတို့ အခြေမလှဖြစ်ခဲ့ရသည်။

ယင်းအုပ်စုမှ ရုရှားကလည်း ဖင်လန်အသင်းကို သုံးဂိုးပြတ် သွင်းယူပြီး အကောင်းဆုံး ယှဉ်ပြိုင်ကစားခဲ့သည်။ ရုရှားနှင့်ဝေလတို့ ယင်းအုပ်စုတွင် ခြောက်မှတ်စီရရှိထားသဖြင့် လာမည့်ခြေစစ်ပွဲများသည် အုပ်စုဒုတိယနေရာအတွက် အဆုံးအဖြတ်ပွဲများဖြစ်လာမည်ဖြစ်သည်။

အုပ်စု(၅)

အုပ်စု(၅)တွင် နာမည်ကြီး စပိန်အသင်းက ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အမှတ်ပေးဇယားကို ရမှတ် ၁၂မှတ်ဖြင့် ပြတ်ပြတ်သားသား စိုးမိုးလာသည်။ စပိန်အသင်းသည် ဖီဖာ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက် နံပါတ်(၁)အဆင့်ရှိ အသင်းဖြစ်သည်နှင့်အညီ အလှပဆုံး ခြေစွမ်းပြကစားလာသည်ကိုတွေ့ရသည်။ စပိန်အသင်းသည် အုပ်စုပွဲ လေးပွဲကစားရာတွင် လေးပွဲစလုံး အနိုင်ရရှိထားသည့် အသင်းဖြစ်သည်။ ထို့နေ့က ယင်းအုပ်စု(၅)မှ အက်စ်တိုးနီးယားနှင့် တူရကီတို့ ဂိုးမရှိသရေကစားပြီး တစ်မှတ်စီ ခွဲဝေယူသွားသည်။

အုပ်စု(၆)

အုပ်စု(၆)တွင် အင်္ဂလန်က ဘီလာရုစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး အုပ်စုတွင်း ရမှတ် ၁၂မှတ် ရရှိကာ ဦးဆောင်လျက်ရှိသည်။ အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ သမိုင်းတစ်လျှောက် လေးပွဲဆက်တိုက်အနိုင်ရရှိမှုမှာ စံချိန်သစ်တင်လိုက်ခြင်းလည်း ဖြစ်သည်။ ထို့နေ့က ယင်းအုပ်စုမှ ခရိုအေးရှားအသင်းက အင်ဒိုယာကို လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။

အုပ်စု(၇)

အုပ်စု(၇)တွင် ဆားဗီးယားက သြစတြီးယားကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး အုပ်စုကို ဦးဆောင်လာသည်။ ယင်းအုပ်စုမှ လစ်သူယေးနီးယားက ဖာရိုးကျွန်းစုကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ ဆားဗီးယားနှင့်အပြိုင် ရမှတ် ကိုးမှတ်ချင်း တူညီလာသည်။

အုပ်စု(၈)

အုပ်စု(၈)တွင် အီတလီအသင်းက မွန်တီနီဂရိုးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး အုပ်စုတွင်း ရမှတ် ၁၀မှတ်ရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်လာသည်။

အုပ်စု(၉)

အုပ်စု(၉)တွင် နယ်သာလန်အသင်းက နော်ဝေအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ယင်းအုပ်စုမှ အိုက်စလန်အသင်းကလည်း မက်ဆီဒိုးနီးယားအသင်းကို အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

အောင်ပွဲခံ

အင်္ဂလန်အသင်းအတွက် အဖွင့်ဂိုးကို စတီဗင်ဂျရတ်က ဘီလာရုစ်ဘက်သို့ ဂိုးသွင်းယူပြီးနောက် ဤသို့ အောင်ပွဲခံခဲ့သည်။

ကမ္ဘာ့ဖလား အာရှဇုန် အုပ်စု(ခ)၌ တောင်ကိုရီးယား ဦးဆောင်

ဆိုးလ် အောက်တိုဘာ ၁၆

၂၀၁၀ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲတွင် တောင်ကိုရီးယားအသင်းက ယူအေအီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရလိုက်ပြီးနောက် တောင်ကိုရီးယားအသင်းအနေဖြင့် ယုံကြည်မှုပြန်လည်ရရှိလာပြီဖြစ်ကြောင်း မန်ယူကစားသမား ပတ်ဂျီဆန်က ပြောကြားသည်။

ယှဉ်ပြိုင်ကစား

တောင်ကိုရီးယားအသင်းကို ပတ်ဂျီဆန် ဦးဆောင်ကစားခဲ့ရာ ယူအေအီးကို အနိုင်ရလိုက်သဖြင့် အုပ်စု(ခ) အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်ရှိလာသည်။ တောင်ကိုရီးယားအသင်းသည် ယင်းအုပ်စုတွင် ဆော်ဒီ၊ အီရန်၊ ယူအေအီးနှင့်မြောက်ကိုရီးယားတို့နှင့် ယှဉ်ပြိုင်ကစားလျက်ရှိသည်။ (အင်တာနက်)

တောရက်စ် ဒဏ်ရာရ၍ လီဗာပူး စိုးရိမ်စရာဖြစ်

လန်ဒန် အောက်တိုဘာ ၁၆

တိုက်စစ်မှူး တောရက်စ်သည် အောက်တိုဘာ ၁၅ရက်က စပိန်အသင်းအတွက် ဘယ်လ်ဂျီယံအသင်းနှင့် ကမ္ဘာ့ဖလား ခြေစစ်ပွဲကစားရာတွင် ပေါင်ဒဏ်ရာရရှိသွားသဖြင့် လာမည့် ပရီမီယာလိဂ်ပြိုင်ပွဲ နှစ်ပွဲနှင့် လွဲချော်ဖွယ်ရှိသည်။

တောရက်စ်သည် ထို့နေ့က ပွဲစပြီး ၁၆မိနစ်မှာပင် ညာဘက်ပေါင် ဒဏ်ရာရရှိသဖြင့် လူစားလဲခဲ့ရသည်။ **(အင်တာနက်)**

မက်ဒရစ်မာစတာတင်းနစ်ပြိုင်ပွဲ၌ မူရေးက မာရင်စီလစ်အား အနိုင်ရပြီး ကွာတားတက်

မက်ဒရစ် အောက်တိုဘာ ၁၆

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ကျင်းပသော မက်ဒရစ်မာစတာ တင်းနစ်ပြိုင်ပွဲတွင် ဗြိတိသျှ အဆင့်(၁) အန်ဒီမူရေးသည် ခရိုအေးရှား တင်းနစ်သမား မာရင်စီလစ်အား ၇-၅၊ ၇-၆ ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

စကော့တလန်သား မူရေးသည် ပထမပွဲစဉ်တွင် စီလစ်၏နောက်မှ လိုက်ကစားခဲ့ရသော်လည်း နောက်ဆုံးတွင် နှစ်ပွဲပေါင်း သုံးမှတ်အသာရကာ ခရိုအေးရှားနိုင်ငံသား မာရင်စီလစ်အား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မူရေးသည် ကွာတားဖိုင်နယ်တွင် ဂေးလ်မွန်ဖေးလ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (အင်တာနက်)

အင်္ဂလန်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြလာနိုင်သော မန်ယူတိုက်စစ်မှူး ရွန်နေ။

အင်္ဂလန်အတွက် အကောင်းဆုံးကစားပေးနိုင်ပြီ တိုက်စစ်မှူး ရွန်နေ ပြောကြား

လန်ဒန် အောက်တိုဘာ ၁၆

၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ ဘီလာရုစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိရာ အင်္ဂလန်အသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့၍ ရွန်နေက သူ၏ ဘောလုံးသမားဘဝတွင် အကောင်းဆုံးဖြစ်လာကြောင်း ပြောကြားသည်။

တိုက်စစ်မှူး ရွန်နေသည် ပြီးခဲ့သည့် အင်္ဂလန်အသင်းပွဲစဉ်များတွင် ငါးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ချီးကျူး

မိမိအနေဖြင့် အင်္ဂလန်အသင်းအတွက် အကောင်းဆုံး ကစားပေးနိုင်ပြီဟု ယူဆကြောင်း မန်ယူတိုက်စစ်မှူး ရွန်နေက ပြောကြားသည်။ ရွန်နေသည် ယင်းပွဲတွင် အင်္ဂလန်အသင်းအတွက် အရေးကြီးသောဂိုး နှစ်ဂိုးကို ဒုတိယပိုင်း၌ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရွန်နေ၏ ခြေစွမ်းပြကစားခဲ့မှုကို နည်းပြကာပယ်လိုအနေဖြင့် ကျေနပ်အားရ ချီးကျူးခဲ့သည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်း၍ တိုးလွင် စာမျက်နှာဖွဲ့စည်းသည်



ကမ္ဘာ့ဖလားခြေစစ်ပွဲ တောင်အမေရိကဇုန်၌ ပါရာဂွေးဦးဆောင်နေ

အက်ဆန်စီယွန်(ပါရာဂွေး)
အောက်တိုဘာ ၁၆

၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲ တောင်အမေရိကဇုန် ခြေစစ်ပွဲများ အောက်တိုဘာ ၁၅ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပါရာဂွေးအသင်းက ပီရူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အုပ်စုအတွင်း ခြောက်မှတ်အသာရရှိကာ အမှတ်ပေးဇယား၌ ဦးဆောင်နိုင်ခဲ့သည်။

ပါရာဂွေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အက်ဂါဘင်နီတက်ဇ်က ပွဲစပြီး ၉မိနစ်အကြာတွင် သွင်းယူခဲ့သည်။(ဝဲပုံ) ထို့နေ့က နာမည်ကြီး ဘရာဇီးအသင်းသည် ကိုလံဘီယာနှင့် ကစားရာ ဂိုးမရှိသရေကျခဲ့သည်။ ပါရာဂွေးတို့ ယင်းပွဲတွင်အနိုင်ရလိုက်၍ ၁၀ပွဲကစားပြီး ၂၃မှတ်ရရှိကာ ဒုတိယနေရာမှ ဘရာဇီးထက် ခြောက်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ (အင်တာနက်)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဖျားနီနှင့်အဖွဲ့ အရာတော်မြို့ ရေပေးဝေရေးရေစက်ရုံနှင့် ရေပေးဝေနိုင်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲ ဗဟိုဈေးအတွင်း အိုင်အိုဒင်းဆား စစ်ဆေး

ကျောက်မဲ အောက်တိုဘာ ၁၃

အမျိုးသားအာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျောက်မဲမြို့ပေါ်တွင် ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ စက်တင်ဘာ ၂၇ရက်က ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (ဈေး)ဦးသိန်းမောင်ထွေးတို့ စုပေါင်း၍ ကျောက်မဲမြို့ ဗဟိုဈေးကြီးအတွင်းနှင့် အနီးရှိ စားသောက်ဆိုင်များ ရောင်းချရာတွင် အိုင်အိုဒင်းဆား ပါဝင်ခြင်းရှိမရှိကို ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

(မိခင်/ကလေး)



ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်သောက်သုံးရေရရှိရေး ဆောင်ရွက်

ကျွန်းလှ အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၄ရက်က ကံပေါက်ကျေးရွာ၊ သံပုရာပင်စုကျေးရွာနှင့် မြင်သာဦးကျေးရွာများတွင် ဆောင်ရွက်ပြီးဖြစ်သည့် စက်ရေတွင်းများ ထိန်းသိမ်းထားရှိမှုနှင့် ကျေးရွာပြည်သူများ သောက်သုံးရေသုံးစွဲနိုင်မှု အခြေအနေကို အမှုဆောင်အရာရှိဦးကျော်ကျော် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထွန်းသန်းက ရေရရှိသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ကျောင်းကုန်း အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ကျောင်းကုန်း အောက်တိုဘာ ၆

ကျောင်းကုန်းမြို့ အထက(၁) ကျောင်းသား ကျောင်းသူများက ပညာရေးအလှူရှင် ဂါဒီယန်ဦးစိန်ဝင်းနှင့် ၁၉၅၂ မှ ၂၀၀၈ ခုနှစ်အထိ အထက(၁) တွင် တာဝန်ထမ်းဆောင်ခဲ့သော အသက် ၆၀နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီး ၇၄ဦးတို့အား (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ၂၂ရက်(အမျိုးသားနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောင်းကုန်းမြို့နယ် အထက(၁) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းအားလုံးမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်မြို့မှ ဦးလေးမောင် ဖုန်း-၀၉-၅၁-၉၂၅၆၂၊ ဦးမောင်ဝင်း ဖုန်း-၀၁-၅၄-၇၄၀၃၊ ကျောင်းကုန်းမြို့ (အထက-၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်း ဖုန်း-၀၄၆-၄၀၄၀၄၊ ဦးသာရွှေ ဖုန်း-၀၄၆-၄၀၂၀၀နှင့် ဦးခင်စိုး ဖုန်း-၀၄၆-၄၀၂၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၅၄)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သည့် အမှတ်(၅)ရပ်ကွက် လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ရေစက်ရုံဆောက်လုပ်ပြီးစီးမှုအခြေအနေကို စက်တင်ဘာ၁၉ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သက်ကြီးရွယ်အိုများနေ့ စဥ့်ကူးမြို့၌ ကျင်းပ

စဥ့်ကူး အောက်တိုဘာ ၁၀

၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များက ဘိုးဘွား ၂၅ ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စက်တင်ဘာ ၁၆ ရက်က ကလောမြို့သို့ ရေပေးဝေသော အင်းပြင်ရေထွက် ရေစက်ရုံ ကြံ့ခိုင်မှုအခြေအနေကို ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးနှင့်ရေပေးရေးတာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာဖတ်သူတိုးပွားရေး ပူတာအိုမြို့၌ ဟောပြော

ပူတာအို အောက်တိုဘာ ၈

ပူတာအိုမြို့ ပါအင်ရပ်ကွက် အောင်စာကြည့်တိုက်တွင် စက်တင်ဘာ ၁၄ ရက် နံနက် ၁၀နာရီက စာဖတ်သူတိုးပွားရေး ဟောပြောပွဲကျင်းပရာ ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခင်ဆန်ခင်က စာဖတ်သူ တိုးပွားရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးတို့ကို ဟောပြောကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန် ဩဂုတ် ၂၀ ရက်က ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈- ၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ပတ္တမြားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်များ စုဆောင်းထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမျိုးမင်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ရေဦး၌ စာဖတ်သူ တိုးပွားရေးအတွက် စာစီစာကုံးပြိုင်ပွဲဆုရကျောင်းသားများ ဆုချီးမြှင့်

ရေဦး အောက်တိုဘာ ၃

ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထက(၁)ကျောင်းအုပ်ဆရာကြီးနှင့် မြန်မာစာဆရာ၊ ဆရာမများ ပူးပေါင်း၍ ကျင်းပသော စာဖတ်သူတိုးပွားရေးအတွက် စာဖတ်မှ ပြည့်ဝမည် ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက အထက(၁)ကုံကော်ဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့မှ အထက်တန်းပြဆရာ ဦးစံဝင်းက ဆုရွေးချယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့် ပြိုင်ပွဲဝင် စာစီစာကုံးများအပေါ် ခြုံငုံသုံးသပ်ချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းက ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် မြန်မာစာဆရာ၊ ဆရာမများက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရသူတို့အားလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နွားထိုးကြီးမြို့၌ မိုးစပါးလျှာထားချက် ပြည့်မီရေးဆွေးနွေး

နွားထိုးကြီး အောက်တိုဘာ ၂

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျေးရွာရပ်ကွက် ၇၀တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၁၅ရက်က မြို့နယ်စုပေါင်းရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး အစည်းအဝေးတွင် မိုးစပါးများ လျာထားချက်ပြည့်မီရေးနှင့် ဆည်ရေသောက်ဧကများတွင် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ (၀၉၂)

ဗန်းမောက်မြို့၌ ပညာရည်ထူးချွန်ဆုချီးမြှင့်

ဗန်းမောက် အောက်တိုဘာ ၁၁

ကသာခရိုင် ဗန်းမောက်မြို့၌ ၂၀၀၇-၂၀၀၈ အခြေခံပညာမူလတန်းအဆင့် ပညာရည် ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ရက်မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နှင်းယဉ်က ပညာရည်ထူးချွန်ဆု ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးလွင်က ဘက်စုံပညာ ပထမဆုရရှိသည့် မမိုးမြင့်စံအား လည်းကောင်း၊ ပညာရည်ချွန်ဆု ကိုးနှစ်ဆက်တိုက်အောင်မြင်အောင် သင်ကြားပေးသည့် မြို့မ မူလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုတင် အားလည်းကောင်း၊ ဆုရကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ စက်တင်ဘာ ၁၂ ရက်က မိုင်းတုံမြို့မရပ် ဆေးရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်များ စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကွတ်ခိုင်မြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်း

ကွတ်ခိုင် အောက်တိုဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် မြို့လယ်နမ့်တိန်ဝမ်းချောင်းတံတား၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းမ၊ မြို့ဝင်ဆိုင်းဘုတ်နေရာများ၊ မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း နှစ်ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း လေးကျောင်းနှင့် မြို့ပေါ်လမ်းဘေးဝဲယာတို့တွင် အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀၀ခန့် ပါဝင်ဆောင်ရွက်ကြသည်။

အလားတူ ကွတ်ခိုင်မြို့နယ် တာမိုးညဲပြည်သူ့ဆေးရုံနှင့် ဈေးတွင်အင်အား ၅၀၀ခန့်ဖြင့်လည်းကောင်း၊ နမ့်ဖတ်ကာကျေးရွာ ပြည်သူ့ဆေးရုံ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် စုစုပေါင်း အင်အား ၅၀၀ခန့်ဖြင့်လည်းကောင်း ပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကမ္ဘာ့ဆရာများနေ့ သီပေါမြို့၌ ကျင်းပ

သီပေါ အောက်တိုဘာ ၈

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က ဆရာကြီး ဆရာမကြီးများအား နှုတ်ခွန်းဆက်ဂါရဝစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက ၂၀၀၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်ဖြစ်သော ဆရာသည်သာအခရာ ခေါင်းစဉ်ဖြင့် ဂုဏ်ပြုစကားပြောကြားသည်။

အလှူငွေများလှူဒါန်း

ထို့နောက် ကန်တော့ခံ အသက် ၇၀ ကျော် အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၂ဦး တို့အား သီပေါမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကန်တော့ကြပြီး အသက် ၉၂နှစ်ရှိ အငြိမ်းစား ဆရာမကြီး ဒေါ်စောမျိုးစစ်က ဩဝါဒစကား ပြောကြား၍ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေနှင့် ဇနီး ဒေါ်ကျင်မြနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၂၀)



ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သဲတော-ရိုးဖုံလမ်း ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အောက်တိုဘာ၈ရက်က ခရိုင်အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် လက်ထောက်အင်ဂျင်နီယာဦးမျိုးမင်းသန့်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်အေးသူဇာလှက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ် ပင အထက ပညာရည်ချွန်ဆုချီးမြှင့်

သံဖြူဇရပ် အောက်တိုဘာ ၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာအခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၇ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ သဘာပတိ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး(ငြိမ်း)ဦးခင်မောင်ဦးနှင့် ကျောင်းအုပ်ဆရာကြီး ဦးစံသောင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မိဘဆရာအသင်းအစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ဖတ်ကြားပြီး ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ကျောင်းအကျိုးတော်ဆောင်များနှင့် အမှုဆောင်အသစ်တို့ကို ရွေးချယ်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက ၂၀၀၈ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအောင် သင်ကြားပို့ချပေးခဲ့သော ဆရာမများအား ဂုဏ်ပြုဆုများကိုလည်းကောင်း **(ယာပုံ)**၊ တာဝန်ရှိသူများက ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် အတန်းလိုက် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းရန်ပုံငွေအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစံသောင်းနှင့် တာဝန်ရှိသူများက လက်ခံကြကြောင်း သိရသည်။ (၀၁၄)

ကျောက်ချောခင်း

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော စမ်းမကြီး ကျေးရွာနှင့် စမ်းမငယ် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မြေသားလမ်းပြင်ဆင်မှုကို စက်တင်ဘာ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကွင်းဆင်း ကြပ်မတ်ပေးစဉ်။

(မြို့နယ်စည်ပင်)

သက်ကြီးရွယ်အိုများနေ့ အခမ်းအနား လွိုင်ကော်၌ ကျင်းပ

လွိုင်ကော် အောက်တိုဘာ ၅

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဖိတ်ကြားထားသော အဘိုး အဘွားများအား ကန်တော့ကြကာ အလှူငွေ၊ အာဟာရနှင့် တိုင်းရင်းဆေးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် လွိုင်ကော်မြို့ပေါ်ရှိ အဘိုးအဘွား ၁၅၁ ဦးတို့အား ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ စုပေါင်း၍ တိုင်းရင်းဆေးပစ္စည်းမျိုးစုံ၊ အာဟာရနှင့် အလှူငွေ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၆၈၅၅၀ တို့ကို လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တာချီလိတ် ပြန်/ဆက်၌ စာဖတ်ဝိုင်း ကျင်းပ

တာချီလိတ် အောက်တိုဘာ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်များအား အသိပညာပေးဟောပြောပွဲ စာဖတ်ဝိုင်းကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ဟောင်လိတ် အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ကိုယ်စား အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက လူငယ်များအတွက် စကားလက်ဆောင်ခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူများအား အသိပညာပေး ဟောပြောသည်။

ထို့နောက် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းများ ကျင်းပသည်။

ဆက်လက်၍ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးနှင့် နေပြည်တော်ရုံးချုပ်မှ ဦးစီးအရာရှိ ဦးကျော်ဆင့်တို့သည် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရုံးလုပ်ငန်းများအောင်မြင်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ဆက်လက်ဆောင်ရွက်ရန်ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ယာဉ်အန္တရာယ်ကင်းဝေးစေရေး ပညာပေးဟောပြော

ရေဦး အောက်တိုဘာ ၃

ရေဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းမြင့်၊ မြို့နယ်တရားသူကြီး ဒေါ်တင်သန်းနှင့် မြို့နယ်ဥပဒေအရာရှိ ဦးမြင့်လွင်ဦးတို့အဖွဲ့သည် စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းက ရေဦးမြို့ မူးမြစ်တံတားအနီး ဘီးခွန်ဂိတ်တွင် ခရီးသည်တင်ယာဉ်များအား ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းလိုက်နာခြင်း ရှိ မရှိကို ကွင်းဆင်းစစ်ဆေးပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိကျစွာလိုက်နာစေရန် ပညာပေးဟောပြောသည်။ (၀၁၄)

ခရိုင်ချင်းဆက် လမ်းအမှတ်(၁) အောင်လံမြို့နယ်အပိုင်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် လမ်းခင်းကျောက်များ ခွဲစိတ်စုဆောင်းထားရှိမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးစိုးနိုင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မှုခင်းသတင်း

ဆိုင်ကယ်ခြောက်စီး ခိုးယူရောင်းချသူအား ကန့်ဘလူတရားရုံးက အလုပ်နှင့် ထောင်ဒဏ်ချမှတ်

ကန့်ဘလူ အောက်တိုဘာ ၁၅

ယခုနှစ် ဇွန် ၁၈ရက်က ဆိုင်ကယ်ကို လိမ်လည်ပြောဆိုစီးသွားပြီး ရောင်းချမှု ကန့်ဘလူမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇွန် ၁၈ရက်က ကန့်ဘလူမြို့နယ် ပုပ္ပားရွာနေ ဦးမြင့်ဌေးက ၄င်းပိုင်ဆိုင်ကယ်ကို လိမ်လည်စီးသွားသူ သရက်ချောင်းတောတိုက်နေ အောင်ကျော်မြင့်အား အရေးယူပေးပါရန် ကန့်ဘလူမြို့နယ် ဇီးကုန်းရဲစခန်းသို့ တိုင်ကြားခဲ့ရာ ရဲအုပ်လေးဝင်း(ဇီးကုန်းရဲစခန်း) ခေါင်းဆောင်သည့် အမှုစစ်အဖွဲ့က စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့သည်။

အမှုပေါ်ပေါက်ခဲ့

အမှုစစ်အဖွဲ့၏ ဖော်ထုတ်ချက်အရ အောင်ကျော်မြင့်သည် ခင်ဦးမြို့နယ် ညောင်ပင်ကြီးရွာနေ ဦးမြင့်သန်း၏ ဂျာလင်းဆိုင်ကယ်၊ ကလားလူးကျေးရွာနေ ဦးသောင်းနှင့်အတူ ရေဦး-ခင်ဦးလမ်း ပန်းရိပ်ကဖေးမှ ဝယ်ယူခဲ့သော ဆိုင်ကယ်၊ ဦးမြင့်ဌေး၏ ဆိုင်ကယ်၊ ချင်မြစ်ကျင်း ကျေးရွာနေ ဦးကျော်နိုင်၏ ဆိုင်ကယ်၊ ဦးထွန်းကတစ်ဆင့် ကန့်ဘလူမြို့နယ် စပယ်နံ့သာရွာနေ ကိုဆန်းညွန့်ဦး၏ ဆိုင်ကယ်ဖြင့်လဲ လှယ်မှုနှင့် ကန့်ဘလူမြို့နယ် ဇီးကုန်းရွာနေ ကိုစောဝင်းထံမှ ဆိုင်ကယ်တို့ကို ခိုးယူရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံ ဆိုင်ကယ်ခြောက်စီးနှင့်အတူ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ထောင်ဒဏ်ချမှတ်

ဆိုင်ကယ်ခြောက်စီး ခိုးယူရောင်းချသူ ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု သရက်ချောင်းတောတိုက်နေ အဖဦးပုရွှေ၏ သား အောင်ကျော်မြင့်အား ကန့်ဘလူမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၀၆)အရ အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ် ကျခံစေရန် ဩဂုတ် ၂၅ရက်က ချမှတ်ခဲ့ကြောင်း သိရသည်။ (၀၂၇)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်မိန့်ခွန်းပြောကြား

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ ဥပစာရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၁၆

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံသည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုးထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေးဟူသော ပြိုင်ပွဲဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတင်ကျင်းပ ယှဉ်ပြိုင်ကဟန်၊ တီးမှုတ်သံများဖြင့် စည်ကားသိုက်မြိုက်နေ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

နေပြည်တော် အောက်တိုဘာ ၁၆ (ဖက်စ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကား နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေ၌ အောက်တိုဘာ ၁၆ ရက်မှစတင်ကာ ကျင်းပနေပေပြီ။

အားမာန်အပြည့်

ပြိုင်ပွဲကျင်းပရာ နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကနှင့် တူရိယာတီးမှုတ်သံများဖြင့် ဖုံးလွှမ်းလျက်ရှိနေပြီး ပြိုင်ပွဲဝင်များ၏ အားမာန်အပြည့်ဖြင့် ပြိုင်ပွဲဝင်ဟန်များမှာ အားပေးသူပရိသတ်များ၏ ဘဝင်နှလုံးကို သိမ်းကျုံးဆွဲငင် ဖမ်းစားနိုင်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ *

"ဒီနှစ်လည်း စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်မယ်လို့ ယုံကြည်ထားပါတယ်"

မောင်ဝေဖြိုးမြင့်
စန္ဒရားအဆင့်မြင့်
(ရခိုင်ပြည်နယ်)

17-10 (20).pmd 1 10/17/2008, 3:29 AM